

# အကျဉ်းထောင်တွင်း လူဦးရေလျှော့ချနိုင်ရေး
# အရေးတကြီး လုပ်ဆောင်ရန် လိုအပ်သည့်
# အကျဉ်းထောင်စနစ် ပြုပြင်ပြောင်းလဲရေး
# နည်းလမ်းများ

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

၂၀၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ။

ဆက်သွယ်ရန် -

အမှတ် (၇၅) ဥသျှောဖရားလမ်း၊ (၃၃) တိုးချဲ့ရပ်ကွက်၊

မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်။

ဖုန်း +၉၅ (၀) ၉၂၅၄၂၁၄၁၇၅

info@aappb.org

www.aappb.org

# ACRONYMS

| | |
|---|---|
| **AAPP** | Assistance Association for Political Prisoners |
| **CCP** | Code of Criminal Procedure |
| **ICCPR** | International Covenant of Civil and Political Rights |
| **ICESCR** | International Covenant of Economic, Social and Cultural Rights |
| **MNHRC** | Myanmar National Human Rights Commission |
| **NLD** | National League for Democracy |
| **SMRs** | Standard Minimum Rules for the Treatment of Prisoners |
| **UDHR** | Universal Declaration of Human Rights |
| **UNCAT** | United Nations Convention against Torture and Other Cruel, Inhuman or degrading Treatment or Punishment |
| **UNDOC** | United Nations Office on Drugs and Other Crime |
| **UNHRC** | United Nations Human Rights Council |

# ကျေးဇူးတင်လွှာ

ယခု သုတေသနလုပ်ငန်းဖြစ်မြောက်အောင် အဓိက ရံပုံငွေထောက်ပံ့ပေးခဲ့သော အမေရိကန်ပြည်ထောင်စု ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားဗျူရို (Department of State’s Bureau for Democracy, Human Rights and Labor) နှင့် အန်အီးဒီ (National Endowment for Democracy) အား အထူးကျေးဇူးတင်ရှိပါသည်။

ဤအစီရင်ခံစာ ဖြစ်မြောက်ရန် အချက်အလက်များ စုစည်းပေးခြင်း၊ အစီရင်ခံစာ ရေးသားပေးခြင်း၊ စိစစ်တည်းဖြတ်ရာတွင် အကူအညီပေးခဲ့ကြသည့် ကိုဘိုကြည်၊ Katherine Lee, Georgia Field, Maximilian Morch တို့နှင့် အေအေပီပီ သုတေသနအဖွဲ့အားလည်း ကျေးဇူးတင်ရှိပါသည်။ ထို့အပြင် အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုပေးသော ကိုဘိုကြည်၊ ကိုဇော်မိုး၊ ဝိုင်းဝန်း တည်းဖြတ်ပေးသော ကိုတိတ်နိုင်၊ ကိုအောင်မျိုးကျော်၊ ကိုမိုးကျော်(စာတည်း) နှင့် အဖက်ဖက်မှ ပါဝင်ကူညီ ဆောင်ရွက်ပေးပါသော အေအေပီပီ အဖွဲ့သားများကိုလည်း ကျေးဇူးတင်ရှိပါသည်။

# မာတိကာ


၁။ နိဒါန်း ၉

၂။ မြန်မာနိုင်ငံရှိ အကျဉ်းထောင်များတွင်း လူဦးရေထူထပ်ခြင်း အခြေအနေ ၁၁

၃။ အကျဉ်းထောင်များလူဦးရေထူထပ်ခြင်းနှင့် ဆက်စပ်နေသော ဥပဒေပြုရေး အခန်းကဏ္ဍ ၁၅

- နိုင်ငံတကာဥပဒေများ ၁၆

- ပြည်တွင်းဥပဒေ ၂၄

၄။ အကျဉ်းထောင်လူဦးရေထူထပ်ခြင်းနှင့် ပတ်သက်ပြီး ဖြေရှင်းခဲ့ပြီးနှင့် ဖြေရှင်းနေဆဲနိုင်ငံများ ၂၈

- ပညာရေး (အမေရိကန်ပြည်ထောင်စု) ၂၈

- ဝန်ခံချုပ်ဖြင့်လွှတ်ခြင်း (ပါကစ္စတန်နိုင်ငံ) ၃၀

- ပထမဦးဆုံးအကြိမ် ပြစ်မှုကျူးလွန်သူများ(သို့) ပြစ်မှုကျူးလွန်ခြင်း အကြိမ်ရေ နည်းသောသူများအတွက် ထောင်သွင်းအကျဉ်းချခြင်းမဟုတ်သော ပြစ်ဒဏ်ပေး ခြင်းစနစ် (မလေးရှား) ၃၂

- အမှုရင်ဆိုင်နေစဉ် အချုပ်ချထားခြင်းအား လျှော့ချခြင်း - (အိန္ဒိယ) ၃၃

- ခွင့်ပြုမိန့် - (မြောက်အမေရိက) ၃၄

- သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးအခြေအနေနှင့်ထောက်ထားစာနာမှုတို့အပေါ် အခြေခံ၍ ထောင်မှလွှတ်ပေးခြင်း - (အမေရိကန်နိုင်ငံ) ၃၅

၅။ အကြံပြုတိုက်တွန်းချက်များ ၃၇

၆။ နိဂုံး ၃၉

၇။ BIBLIOGRAPHY ၄၀

APPENDIX 1 – INTERNATIONAL AND DOMESTIC LAW ၄၅

- International Law: ၄၅

- DomesticLaw: ၄၇

# နိဒါန်း

အကျဉ်းထောင်များသည် ထိုနိုင်ငံ၏ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့ အားကောင်းခြင်း၊ အားနည်းခြင်းကို ထင်ဟပ်စေပါသည်။[၁] ထို့အပြင် အကျဉ်းထောင်များသည် အများပြည်သူ မြင်ကွင်းမှ သီးခြားတည်ရှိနေခြင်းကြောင့် အကျဉ်းသားများ ခံစားနေရသည့်အခွင့်အရေး ချိုးဖောက်ခံနေရမှုများအပေါ် အများပြည်သူ၏ သိရှိစာနာမှုကို ရရှိစေရန်ခက်ခဲစေပါသည်။[၂] ကမ္ဘာ့နိုင်ငံ အသီးသီးရှိ အကျဉ်းထောင်များတွင်လည်း အကျဉ်းသားဦးရေမှာ အကျဉ်းထောင်မှ ဝင်ဆံ့နိုင်သော လူဦးရေထက် ပိုများနေတတ်ပြီး လူဦးရေထူထပ်မှုများ ဖြစ်ပေါ်နေလျက်ရှိပါသည်။ အကျဉ်းထောင် အသီးသီးတွင်လည်း လူ့အခွင့်အရေးချိုးဖောက်မှုများ လွန်လွန်ကျူးကျူး ဖြစ်ပေါ်နေပြီး၊ လူ့အခွင့်အရေးချိုးဖောက်သူများကို ပြန်လည်အရေးယူနိုင်ခြင်း အားနည်းသောနာမည်ဆိုးဖြင့် ကျော်ကြားနေသည့် မြန်မာနိုင်ငံရှိ အကျဉ်းထောင်များတွင်း လူဦးရေထူထပ်ခြင်းကို လျှော့ချနိုင်စေရန် ပထမဆုံးပြုလုပ်ရမည့် ပြုပြင် ပြောင်းလဲမှုမှာ ရာဇဝတ်မှုဆိုင်ရာတရားရေးစနစ် (Criminal Justice System) ဖြစ်သည်။

မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးနေသောသမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်နှင့် အကျဉ်းထောင်များ ထပ်မံတိုးချဲ့ဆောက်လုပ်ခြင်းသည် အကျဉ်းထောင်တွင်း လူဦးရေထူထပ်ခြင်းကိုလျှော့ချနိုင်ရန်စနစ်တကျဖြေရှင်းခြင်းမျိုးမဖြစ်ဘဲ ရေတိုအကျိုးသက်ရောက်မှုသာဖြစ်ကာ ငွေကုန်ကြေးကျများသော ဖြေရှင်းခြင်းဖြစ်ပါသည်။ ဥပဒေများကိုပြောင်းလဲခြင်း၊ အကျဉ်းထောင်၏ အခြေအနေ ပြုပြင်ပြောင်းလဲခြင်း စသည်တို့အား မပြုလုပ်ဘဲ သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းနှင့် အကျဉ်းထောင်များ ထပ်မံဆောက်လုပ်ခြင်းဖြင့် ဖြေရှင်းခြင်းမျိုးသည် အကျဉ်းထောင်များအတွင်း ရေရှည်လူ့အခွင့်အရေးအခြေအနေတိုးတက် စေရန် ဆောင်ရွက်နိုင်မည် မဟုတ်ပါ။

မြန်မာနိုင်ငံတွင်း အာဏာခွဲဝေရေးဆိုင်ရာ ပြဿနာကိုဖြေရှင်းခြင်း၊ သင့်တင့်လျောက်ပတ်မှုမရှိသော ပြစ်ဒဏ်ပေးမှုများကို ပြုပြင်ခြင်းနှင့် ပိုမိုကျယ်ပြန့်သော လူမှုတရားမျှတမှုဆိုင်ရာ ပြဿနာများကို ဖြေရှင်းခြင်း စသည့်စနစ်ကျသော ပြုပြင်ပြောင်းလဲခြင်းကသာ ငွေကုန်ကြေးကျများသော အကျဉ်းကျထားခြင်းနှင့် လူမှုရေးပြဿနာများကို လျှော့ချပေးနိုင်မည် ဖြစ်ပါသည်။ ဤလုပ်ဆောင်ချက်များမှသာ လျှင် အကျဉ်းထောင်တွင်း လူဦးရေထူထပ်ခြင်းကိုလျှော့ချနိုင်သည့် စဉ်ဆက်မပြတ်လုပ်ဆောင်နိုင်သောရေရှည်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်နိုင်ပါမည်။ ထိုနည်းလမ်းများဖြင့် ဖြေရှင်းမှသာ လူမှုတရားမျှတမှု၊ လူ့အခွင့်အရေးတိုးတက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလားအလာကောင်းများ ဖြစ်ပေါ်လာပါမည်။[၃]



1. Prison Conditions in Burma and the Potential for Prison Reform, Assistance Association for Political Prisoners, 2016
2. Ibid. (1)
3. Ten-Point Plan to Reduce Prison Overcrowding, Penal Reform International,

မိမိတို့ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(အေအေပီပီ)အနေဖြင့် နိုင်ငံတော်အစိုးရအား မြန်မာနိုင်ငံတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ အဆုံးသတ်နိုင်ရေးအတွက် အစွမ်းကုန်ကြိုးစားမည်ဟူသော စိတ်အားထက်သန်မှုကိုပြသနိုင်ရန် အကျဉ်းထောင်၏ အဓိကပြဿနာ ဖြစ်နေသည့် အကျဉ်းထောင်တွင်းလူဦးရေထူထပ်ခြင်း လျှော့ချရေးအား စတင်ကိုင်တွယ်ခြင်းဖြင့်အကျဉ်း ထောင်ပြုပြင်ပြောင်းလဲရေးကို တက်ကြွစွာဆောင်ရွက်သင့်ကြောင်း တိုက်တွန်းအပ်ပါသည်။

အကျဉ်းထောင်တွင်း လူဦးရေထူထပ်ခြင်းသည် လူသားရင်းမြစ်များအပေါ်တွင်လည်း ဆိုးကျိုး သက်ရောက်စေပါသည်။ ထိုသို့ လူဦးရေထူထပ်ခြင်းကြောင့် အကျဉ်းထောင်တွင်း လူ့အခွင့်အရေးချိုး ဖောက်မှုပြဿနာများ ဖြစ်ပွားခြင်းနှင့်၊ အကျဉ်းသားများကိုသာမက အကျဉ်းထောင်ဝန်ထမ်းများကိုပါ ရုပ် ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ အန္တရာယ်ဖြစ်စေနိုင်သည့် အခြေအနေဆိုးအတွင်းတွန်းပို့နေသကဲ့သို့ဖြစ်နေပါသည်။[၄]

ထို့အပြင် အကျဉ်းထောင်တွင်းလူဦးရေထူထပ်ခြင်းသည် "အကျဉ်းသားများ အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသည့်အခါ လူ့အဖွဲ့အစည်းအတွင်းသို့ ပြန်လည်ဝင်ဆံ့နိုင်စေရေး" ဟူသည့် အ ကျဉ်းထောင်၏ ဦးတည်ချက်ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအား အဟန့်အတားဖြစ်စေ ပါသည်။ အကျဉ်းထောင်တွင်းလူဦးရေထူထပ်ခြင်းသည် အကျဉ်းသားများကိုသာမက အကျဉ်းဦးစီးဝန် ထမ်းများကိုပါ ဝန်ထုတ်ဝန်ပိုးဖြစ်စေပြီး ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာ ပြဿနာများ၏ ခြိမ်းခြောက်မှု များကိုလည်း ရင်ဆိုင်ရစေပါသည်။



မြင်းခြံထောင်

4.. Ibid. (1)
5. https://www.youtube.com/watch?v=4UGVDMFFplE&feature=youtu.be
6. Ibid.

# မြန်မာနိုင်ငံရှိ အကျဉ်းထောင်များတွင်း လူဦးရေထူထပ်ခြင်း အခြေအနေ

မြန်မာနိုင်ငံတွင် အကျဉ်းထောင်နှင့် အလုပ်စခန်း စုစုပေါင်း (၉၃)ခု ရှိပြီး၊ စီရင်ချက်ချမှတ် ပြီး အကျဉ်းသားများနှင့် အမှုရင်ဆိုင်နေဆဲ အချုပ်သားများအပါအဝင် အကျဉ်းထောင်တွင်းလူဦးရေ စုစုပေါင်း(၉၂,၀၀၀)ဦး ရှိနေပါသည်။[၅] နိုင်ငံအတွင်းရှိ အကျဉ်းထောင်နှင့်အလုပ်စခန်း စုစုပေါင်း(၉၃)ထောင်၏ ဝင်ဆံ့နိုင်သော ဦးရေမှာ (၆၆၀၀၀)ဖြစ်ရာ နိုင်ငံတစ်ဝှမ်းရှိ အကျဉ်းထောင်များအတွင်း အကျဉ်းထောင် လူဦးရေထူထပ်နေသည့် ပမာဏမှာ (၁၃၉)ရာခိုင်နှုန်းကျော် ဖြစ်နေပါသည်။[၆]

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ (၂၀၁၇)ခုနှစ် စုံစမ်းစစ်ဆေးမှု အစီရင်ခံစာ တွင် အကျဉ်းထောင်လူဦးရေထူထပ်နေခြင်းအား ရှင်းလင်းစွာ ဖော်ပြထားပါသည်။ အစီရင်ခံစာတွင် ဖော်ပြထားချက်အရ ကော်မရှင်အနေဖြင့် အကျဉ်းထောင်(၃၀)အား စစ်ဆေးခဲ့ရာ၊ ထိုအကျဉ်းထောင်(၃၀)၏ ဝင်ဆံ့နိုင်သော ပမာဏမှာ (၃၁၅၀၀)ဖြစ်ပြီး၊ လက်ရှိတွင် ထိုထောင်များ၌ အကျဉ်းသား (၅၀၀၀၀)ကျော် ထိန်းသိမ်းထားသည့်အတွက် ဝင်ဆံ့နိုင်သော ပမာဏထက် (၁၉၀၀၀)ဦးရေ ပိုမိုကျော်လွန်နေကြောင်း[၇] မန္တလေးတိုင်းဒေသကြီးရှိ မြင်းခြံအကျဉ်းထောင်သည် ဝင်ဆံ့နိုင်သောပမာဏမှာ (၁၀၀၀)ဖြစ် သော်လည်း အကျဉ်းသားဦးရေ (၂၈၀၀) ထိန်းသိမ်းထားရှိ ကြောင်းတွေ့ရှိရပြီး၊[၈] ထိုအကျဉ်းထောင်လူဦးရေထူ ထပ်နေသည့် ပြဿနာမှာ ယနေ့ထက်တိုင် ဖြေရှင်းနိုင်မှုမရှိသေးပေ။ ထိုနည်းတူစွာ အင်းစိန်အကျဉ်း ထောင်၏ဝင်ဆံ့နိုင်သည့်ပမာဏမှာ (၅၀၀၀) ဖြစ်သော်လည်း၊ အကျဉ်းသားဦးရေ (၁၂၃၉၂)ဦးထိန်းသိမ်း ထားရှိကြောင်း၊ (၂၀၁၈)ခုနှစ် ဖေဖော်ဝါရီလ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့် ရှောက်ရေးအသင်း၏ သတင်းရင်း မြစ်များအရ သိရှိရပါ သည်။[၉]

ယေဘုယျခန့်မှန်းချက်အရ မြန်မာနိုင်ငံရှိအကျဉ်းထောင်လူဦးရေ၏ (၁၀%)မှာ တရားရင်ဆိုင် နေသော အချုပ်သားများဖြစ်ကြောင်းတွေ့ရှိရပြီး၊[၁၀] ထိုသို့အချုပ်သားဦးရေ များပြားနေခြင်းသည် မြန်မာ နိုင်ငံရှိ အကျဉ်းထောင်များအတွင်း လူဦးရေထူထပ်ခြင်း၏ အရေးပါသော အချက်တစ်ချက်လည်းဖြစ်ပါ သည်။ အာမခံရယူရန် မတတ်နိုင်ခြင်း (သို့မဟုတ်) ဥပဒေကြောင်းအရလုံလောက်သော တင်ပြမှုမပြုနိုင် ခြင်း တို့ကြောင့် တရားရင်ဆိုင်နေစဉ်အတွင်း အချုပ်ကျနေခြင်းသည် ချို့တဲ့၊ နွမ်းပါးသည့်သူအများစုအ တွက် မမျှတသော သက်ရောက်မှုများအား ဖြစ်ပေါ်စေပါသည်။[၁၁] ထိုဖြစ်ရပ်များမှ ၎င်းတို့အား မားယွင်းစွာ ဝန်ခံစေခြင်း၊ အပြစ်ရှိကြောင်း ထွက်ဆိုခြင်းတို့ကို ဖြစ်ပေါ်စေပြီး၊ ၎င်းတို့၏ အခွင့်အရေးဖြစ်သော မျှတ သော တရားစီရင်ရေးအား အဟန့်အတားဖြစ်စေကာ၊ မလိုအပ်ပဲအကျဉ်းထောင်တွင်း လူဦးရေတိုးပွားမှု

7. Release some inmates to ease overcrowding: rights group, Myanmar Times, Feb 2018
8. Overcrowding is a serious human rights problem in Myanmar prisons: commission, Myanmar Times, October 2017
9. AAPP internal information
10. Myanmar (Formerly Burma), World Prison Brief, 2009
11. Presumption of Guilt: The Overuse of Pretrial Detention, Open Society Justice Initiative, 2014

ကို အထောက်အကူပေးလျက်ရှိပါသည်။ ဤအခြေအနေများသည် တရားခံ၏မိသားစုများအပေါ်ကြီးစွာသော ဝန်ထုပ်ဝန်ပိုးဖြစ်စေပြီး၊ ရာဇဝတ်မှု၊ ဆင်းရဲချို့တဲ့မှုနှင့် အခြားသောဆိုးကျိုးများ၏ သံသရာအားလည်ပတ်စေပါသည်။[၁၂]

အမှုရင်ဆိုင်နေစဉ် ချုပ်နှောင်ထားခြင်းသည် ကုန်ကျစရိတ် လွန်စွာကြီးမားပြီး၊ ပြည်သူလူထုဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေး စသည်တို့ကဲ့သို့သော ပိုမိုကျယ်ပြန့်သည့် ကိစ္စရပ်များအား မူဝါဒချမှတ် အကောင်အထည်ဖေါ်ရာတွင် အသုံးပြုနိုင်သည့် အခွင့်အလမ်းအားဆုံးရှုံးစေပါသည်။[၁၃] မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အင်အားအရ အချို့ဒေသများတွင် ပြည်သူ (၁၀၀၀)ဦးအတွက် ရဲအရာရှိ (၁)ဦးတာဝန်ရှိနေပါသည်။[၁၄] အစိုးရအနေဖြင့် အကျဉ်းထောင်လူဦးရေ ထူထပ်နေခြင်းအတွက် အသုံးပြုနေရသော ငွေကြေး အပါအဝင် အခြားအရင်းအမြစ်များအား မြန်မာနိုင်ငံရဲတပ်ဖွဲ့အင်အား တိုးချဲ့ခြင်းနှင့် ရဲတပ်ဖွဲ့စွမ်းရည်မြှင့်တင်ရေးတို့တွင် ပြောင်းလဲအသုံးပြုခြင်းအားဖြင့် မှုခင်းကြိုတင် ကာကွယ်ရေးအတွက် များစွာအထောက်အကူဖြစ်စေပါသည်။[၁၅]

မြန်မာနိုင်ငံ၏ အကျဉ်းထောင်လူဦးရေ စုစုပေါင်း၏ (၅၀%)ခန့်မှာ မူးယစ်ဆေးဝါးမှုဖြင့်ထောင်ဒဏ်ကျခံနေရသူများဖြစ်ကြောင်း အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းထွန်းစိုး၏ ပြောကြားချက်အရသိရှိရပါသည်။[၁၆]ထောင်တစ်ခုချင်းစီရှိနှုန်းထားများမှာထို့ထက်ပိုမိုမြင့်မားလျက်ရှိပြီးကချင်ပြည်နယ်မြစ်ကြီးနားအကျဉ်းထောင်တွင် မူးယစ်ဆေးဝါးမှုနှင့် ပတ်သတ်ပြီး ပြစ်ဒဏ်ကျခံနေသော အကျဉ်းသားများမှာ (၇၀%)ကျော်ရှိကြောင်း အစိုးရအရာရှိအချို့က ခန့်မှန်းသုံးသပ်ထားပါသည်။[၁၇] မူးယစ်ဆေးဝါး ဥပဒေနှင့် ဖမ်းဆီးထိန်းသိမ်းရာတွင် မူးယစ်ဆေးသုံးစွဲသူများနှင့် လက်လီရောင်းဝယ်ဖောက်ကားသူများကိုသာ ပစ်မှတ်ထားလုပ်ဆောင်မှုများ တွေ့ရှိရပြီး၊ မူးယစ်ဆေးဝါး အကြီးအကျယ်ရောင်းဝယ်ဖောက်ကားလျက်ရှိသောသူများအား ဖမ်းဆီးပြစ်ဒဏ်ချမှတ်နိုင်မှု အလွန်အမင်း နည်းပါးလျက်ရှိနေပါသေးသည်။[၁၈] မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးနှင့်ပတ်သတ်ပြီး ကြီးလေးသော ရာဇဝတ်မှုအဖြစ် ပြဌာန်းထားခြင်းသည်လည်း ဆေးသုံးစွဲသူများအနေဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်တပ်ဖွဲ့များ၏ မတရား ဖိနှိပ်ခြင်း၊ ခြိမ်းခြောက်ငွေညှစ်ခြင်း၊ စသည်တို့ကို ကြုံတွေ့ရစေကာ၊ အကျင့်ပျက်ခြစားမှုသို့ ဦးတည် ဖြစ်ပေါ်စေပါသည်။[၁၉] မူးယစ်ဆေးဝါးဥပဒေများဖြင့် အကျဉ်းကျခံနေရသော အကျဉ်းသားအရေအတွက်အားလျော့ချခြင်းဖြင့် အကျဉ်းထောင်လူဦးရေအား သိသာစွာလျော့ကျသွားစေမည်ဖြစ်ပြီး၊ ကာကွယ်တားဆီးရေးဆိုင်ရာ ပိုမိုကောင်းမွန်သော မူဝါဒများ ပေါ်ပေါက်ရေးနှင့် ပြန်လည်ပြုစု ပျိုးထောင်ရေးတို့အတွက် အခွင့်

12. Ibid. (14)
13. Ibid. (12)
14. Rangoon Parliamentary Committee to Submit Report on Judicial Reform, Irrawaddy, 2017
15. Ibid. (14)

16. Interview with Min HtunSoe, Deputy Director and Spokesman of the Correctional Department, Mawkun, 2017 (Burmese Source)
17. 'Found in the Dark' The Impact of Drug Law Enforcement Practices in Myanmar, the Transnational Institute, Drug Policy Briefing, 2016
18. Rangoon Parliamentary Committee, Irrawaddy, 2017
19. Ibid.

အလမ်း များ ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။

> “ အစိုးရက
> ပဲတစ်ပိဿာ အတွက်
> ၁၄၀၀ ကျပ်သတ်မှတ်ပြီး
> ပေးထားပါတယ်။ လက်တွေ့မှာတော့
> တစ်ပိဿာကို ၂၈၀၀ ကျပ် အောက်
> ကျနော်တို့ဘယ်မှာမှ
> ရှာဝယ်လို့မရတော့ပါဘူး ”

အကျဉ်းထောင်လူဦးရေ ထူထပ်ခြင်းသည် အကန့်အသတ်ဖြင့်ရှိနေသော တိုင်းပြည်၏အရင်းအမြစ်များအား ပြုန်းတီးမှုဖြစ်စေပြီး၊ မြန်မာနိုင်ငံ အစိုးရနှင့် မြန်မာပြည်သူလူထုအား များစွာထိခိုက်၊နစ်နာစေပါသည်။ ကုန်ဈေးနှုန်း ဆက်လက်တက်နေသည်နှင့်အမျှ ယခင်ကတည်းကအကန့်အသတ်ဖြင့်သာ ရှိခဲ့သော အကျဉ်းထောင်ဘတ်ဂျတ်သည် အကျဉ်းထောင်လိုအပ်ချက်နှင့်လျော်ညီအောင် တိုးတက်မှုမရှိသောအခါ အကျဉ်းသားများအတွက် အစားအစာ၊ အသုံးအဆောင်၊ သန့်ရှင်းရေးနှင့် ဆေးဝါးအထောက်အကူများမှာ ပိုမိုချို့တဲ့လာပါသည်။[၂၀] လက်ရှိအကျဉ်းသားလူဦးရေအတွက်ကျန်းမာရေးဝန်ထမ်းအရေအတွက်မှာလည်းလုံလောက်ခြင်းမရှိပေ။မြန်မာနိုင်ငံအကျဉ်းထောင်များအားလုံးရှိ အကျဉ်းသားစုစုပေါင်း (၇၄,၈၉၃)ဦးအတွက် အကျဉ်းထောင်ဆရာဝန်ပေါင်း(၃၀)ဦးကိုသာ ခန့်အပ်ထားရှိပြီး၊[၂၁] ယခုအခါ အကျဉ်းထောင် လူဦးရေမှာ (၉၂,၀၀၀) ကျော်ရှိနေပါသည်။[၂၂] ထို့အပြင် သူနာပြုဦးရေအနည်းဆုံး (၁၉၉)ဦးလိုအပ်ချက်တွင် လက်တစ်လှော်၌ (၈၀)ဦးကိုသာ ခန့်ထားနိုင်ခြင်းရှိပါသည်။ အကျဉ်းထောင်များအတွက် လုံလောက်သော ကျန်းမာရေးဝန်ထမ်းများ ခန့်အပ်ထားနိုင်ခြင်း မရှိသေးသရွေ့ ကုလသမဂ္ဂ အကျဉ်းသားများအပေါ် ဆက်ဆံမှု အနိမ့်ဆုံး စံနှုန်း(SMRs)Rule ၂၄ - ၂၆ အရမရှိမဖြစ်လိုအပ်ချက်ဖြစ်သော ထောင်တွင်းအဓိက လိုအပ်ချက်များဖြစ်သည့် အစားအစာနှင့် သန့်ရှင်းရေးဆိုင်ရာများ၊ လေကောင်းလေသန့်ရရှိရေးနှင့် အဝတ်အထည်များ အလုံအလောက်ရှိမှုစသည်တို့အား စစ်ဆေးခြင်းနှင့် အကျဉ်းသားများအား ကျန်းမာရေးစောင့်ရှောက်မှုတို့အတွက် များစွာသော အကန့် အသတ်များ ဖြစ်စေပါသည်။

အကျဉ်းဦးစီဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းထွန်းစိုးမှနေ၍ ၂၀၁၆ခုနှစ် ဒီဇင်ဘာလတွင် ထောင်တွင်း အဟာရနှင့် အစားအစာထောက်ပံ့ရေးဆိုင်ရာ မလုံလောက်မှုများနှင့် လိုအပ်ချက်များကို အောက်ပါအတိုင်း ဖော်ပြသွားပါသည်။ ၎င်းအဆိုအရ“အစိုးရက ပဲတစ်ပိဿာ (၁.၆၃ကီလို)အတွက် ၁၄၀၀ ကျပ် သတ်မှတ်ပြီးပေးထားပါတယ်။ လက်တွေ့မှာတော့ တစ်ပိဿာကို ၂၈၀၀ ကျပ်အောက် ကျွန်တော် တို့ဘယ်မှာမှ ရှာဝယ်လို့မရတော့ပါဘူး” (၂၀၁၆) ခုနှစ်ဒီဇင်ဘာလအထိ သတ်မှတ်ထားသော ဘတ်ဂျတ်အရအကျဉ်း ဦးစီးဌာနအနေဖြင့်အကျဉ်းသား တစ်ဦးအတွက် တစ်နေ့တာ စားစရိတ်အဖြစ်

20. Prisons Department Seeks Food Budget Bump, Myanmar Times, 2016
21. Interview with Min HtunSoe, Deputy Director and Spokesman of the Correctional Department, Mawkun, 2017 (Burmese Source)
22. Presentation by U MyintSoe, Deputy Director General of Prison Department, https://www.youtube.com/watch?v=4UGVDMFFplE&feature=youtu.be

(၆၀၀)ကျပ် သတ်မှတ်ပေးထားခဲ့ပြီး၊[23] ၂၀၁၈ခုနှစ် ဇန်နဝါရီလမှစ၍ အကျဉ်းသားတစ်ဦးလျှင် (၉၇၅) ကျပ် သို့ တိုးမြှင့်သတ်မှတ်ထားကြောင်း ဦးမင်းထွန်းစိုးမှ ပြောကြားထားပါသည်။[24] အဆိုပါကိန်း ဂဏန်း အရအစိုးရသည်တစ်နေ့လျှင်ကျပ်ငွေ (၈၉.၇) သန်း ဝန်းကျင်အားအကျဉ်းထောင်အတွက် (အကျဉ်းသား စားစရိတ်) သုံးစွဲနေရပါသည်။ အကျဉ်းထောင် လူဦးရေ (၂၆,၀၀၀) ဦးလျော့ချပြီး အကျဉ်းထောင်သတ် မှတ် လူဦးရေအပြည့်အဖြစ် ထားရှိနိုင်ပါက အစိုးရအနေဖြင့်တစ်နေ့တာ အသုံးစရိတ် (၂၅,၃၅၀,၀၀၀) ကျပ်၊ တစ်နှစ်တာအတွက် ကျပ် (၉.၂၅) ဘီလီယံလျော့ချနိုင်ပြီး အကျဉ်းထောင်အတွက် လက်ရှိသုံး စွဲနေရ သောစားရိတ်များ၏ (၂၈%)မျှ သက်သာလာ မည်ဖြစ်ပါသည်။ အကျဉ်းထောင်လူဦးရေ လျော့ ချခြင်းအားဖြင့် ပိုလျှံလာသောငွေကြေးများအား အကျဉ်းထောင်အတွက် အဓိကလိုအပ်နေသော အကျဉ်း သားများနှင့် အကျဉ်းထောင်ဝန်ထမ်းများအတွက် လူနေမှုအဆင့်အတန်းနှင့် လုပ်ငန်းခွင်သာယာရေး များတွင်သုံးစွဲနိုင်ခြင်းဖြင့် လူ့အခွင့်အရေး အခြေအနေများကို တိုးတက်လာ စေရုံသာမက အကျင့်ပျက် ခြစားခြင်းကိုလည်း တိုက်ဖျက် နိုင်မည်ဖြစ် ပါသည်။

အကျဉ်းထောင်လူဦးရေလျော့ချခြင်းသည် အကျဉ်းထောင်နယ်ပယ် တစ်ခုတည်းမှနေ၍ ဖြေ ရှင်းနိုင်သောအရာမဟုတ်ပေ။ လူ့ဘောင်အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးနှင့် ဥပဒေပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအပါအဝင် ဘက်စုံထောင့်စုံမှနေ၍ ပိုမိုကျယ်ပြန့်ကောင်းမွန်သော ပြုပြင်ပြောင်းလဲမှု မျိုးကို လုပ်ဆောင်နိုင်ရန်မှာလည်း အလွန်အရေးပါပါသည်။ အစိုးရဝန်ကြီးဌာနများ၊ လူမှုဝန်ထမ်းဌာန များနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ (ဥပမာအားဖြင့်ပညာရေး၊ မူးယစ်ဆေးဝါးဆိုင်ရာ ကုသရေး၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်မြှင့်တင်ရေး) အားလုံးအတူတကွ ပူးပေါင်းပါ ဝင်ဆောင်ရွက်ရေးသည် အကျဉ်း ထောင်လူဦးရေးထူထပ်ခြင်းနှင့် ပတ်သက်ဆက်စပ်နေသော နက်နဲခက်ခဲစွာ ဖြေရှင်းရမည့် ကိစ္စရပ်များ နှင့် သပွတ်အူလိုက်နေသော အရှုပ်အထွေးများအား ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် အရေး အကြီးဆုံး သော လိုအပ်ချက်ပင်ဖြစ်ပါသည်။

23. Ibid (3)
24. http://www.7daydaily.com/story/114615

# အကျဉ်းထောင်များလူဦးရေထူထပ်ခြင်းနှင့် ဆက်စပ်နေသော ဥပဒေပြုရေး အခန်းကဏ္ဍ



ထောင်တွင်း ထမင်း ဟင်း ယူရန် တန်းစီနေပုံ

အကျဉ်းထောင်လူဦးရေထူထပ်ခြင်းသည် နိုင်ငံတကာဥပဒေများသာမက မြန်မာနိုင်ငံ၏ ပြည်တွင်းဥပဒေအချို့အား ချိုးဖောက်ခြင်းကိုဖြစ်စေပါသည်။ ယခင်အစိုးရအဆက်ဆက်နှင့် ယခုလက်ရှိအစိုးရ အနေဖြင့် နိုင်ငံတကာစာချုပ်၊စာတမ်းများအား အတည်ပြု၊ လက်မှတ်ရေးထိုးရန်နှင့် မြန်မာနိုင်ငံတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှုများအား (အဆုံးသတ်ရန်) အရေးယူဆောင်ရွက်သွားရန် ကတိကဝတ်များစွာပြုခဲ့သော်လည်း များစွာတိုးတက်ပြောင်းလဲလာခြင်းမရှိပေ။ နိုင်ငံတကာ ဥပဒေများအားလေးစားလိုက်နာခြင်းအားဖြင့် အစိုးရများအတွက် လူ့အခွင့်အရေးနှင့် ပတ်သတ်သော စိန်ခေါ်မှုအသီးသီးအား ကိုင်တွယ်ဖြေရှင်းနိုင်သည့်စွမ်းရည်ကို တိုးတက်လာစေရန် အထောက်အကူပြုပြီး၊ အခြားသော နိုင်ငံများနှင့် အသိပညာ၊ဗဟုသုတ အားကောင်းသည့် အဖွဲ့အစည်းများ၏ ဗဟုသုတများနှင့် အကောင်းဆုံး ကျင့်သုံးမှုပုံစံများအား ဖလှယ်နိုင်မည်ဖြစ်ပါသည်။ တရားစီရင်ရေးစနစ်၏ အထွဋ်အထိပ်ဖြစ်သောဦးတည်ချက်မှာ လူ့ဂုဏ်သိက္ခာနှင့်လုံခြုံရေးကို အာမခံသော နိုင်ငံရေးစနစ်၊ ကောင်းမွန်သောစီမံအုပ်ချုပ်မှု၊ လူမှု၊ စီးပွားရေးစနစ် စသည်တို့ကို အာမခံသည့် ဥပဒေစနစ်တစ်ခု ခိုင်ခိုင်မာမာပေါ်ထွန်းလာစေရန်ဖြစ်ပါသည်။[၂၅] မြန်မာအစိုးရအတွက် ဥပဒေနှင့် တရားစီရင်ရေးစနစ်များသည် ဖွံ့ဖြိုးတိုးတက်မှု၏ အဓိက

25.Use of Informal Justice Mechanisms in Criminal Justice System: Critical Observation of Principles, Theories and Prospects, Kathmandu School of Law Review, 2016

ကျသော အခန်းကဏ္ဍဖြစ်ပြီး၊ လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာများအား ကာကွယ်ရေးနှင့် တန်းတူညီမျှ အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်သည်လည်း ပဓာနကျသော လိုအပ်ချက်ဖြစ်ပါသည်။ နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့် ရှောက်ရေးအသင်း အနေဖြင့် အကျဉ်းထောင် လူဦးရေထူထပ်ခြင်း၊ ၎င်းနှင့် ဆက်နွယ်နေသည့် လူမဆန်သောဖြစ်ရပ် အခြေအနေများ စသည်တို့အား လျော့ကျစေရန်နှင့်အတူ အကျဉ်းထောင်စနစ်နှင့် တရားစီရင်ရေးစနစ်များအား နိုင်ငံတကာစံချိန်၊ စံနှုန်း များနှင့်လျော်ညီစွာ လက်တွေ့ကျကျ တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရအား အလေးအနက် တိုက်တွန်းပါ သည်။

## နိုင်ငံတကာဥပဒေများ

အကျဉ်းထောင်လူဦးရေထူထပ်ခြင်း၏ အဆိုးရွားဆုံးသော အခြေအနေများသည် အကျဉ်းသားများအား လူမဆန်သော၊ လူ့ဂုဏ်သိက္ခာကျဆင်းစေသော ဆက်ဆံမှုများနှင့်တကွ၊ အကျဉ်းထောင်ဝန်ထမ်းများအတွက်လည်း လက်သင့်မခံနိုင်လောက်သော လုပ်ငန်းခွင်အခြေအနေများဆီသို့ ဦးတည်နေလျက်ရှိပါသည်။[၂၆] ဤအကြောင်းခြင်းရာများသည် ကုလသမဂ္ဂ ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေးသဘောတူစာချုပ်(UNCAT)နှင့် မည်သူ့ကိုမျှ ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားရက်စက်၍လူမဆန်သော သို့မဟုတ် လူ့ဂုဏ်သိက္ခာကျဆင်းစေသော ဆက်ဆံမှု သို့မဟုတ် ပြစ်ဒဏ်ပေးမှု မရှိစေရဟုပြဋ္ဌာန်းထားသည့် နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (ICCPR)၏ အပိုဒ်(၇)တို့အား တိုက်ရိုက်ချိုးဖောက်လျက်ရှိပါသည်။ နိုင်ငံတော်အရေးပေါ်အခြေအနေ၊ ပြည်တွင်းမငြိမ်မသက်မှုများ ပေါ်ပေါက်နေသော အချိန်အခါများနှင့် စစ်မက်ဖြစ်ပွားနေသောအချိန်အခါများအပါအဝင် မည်သည့်အခြေအနေတွင်မဆို ညှဉ်းပန်းနှိပ်စက်မှုအား အသုံးပြုခွင့်မရှိဟု နိုင်ငံတကာဥပဒေအရ မဖြစ်မနေလိုက်နာရမည့် စံနှုန်း(peremptory norm)အဖြစ် သတ်မှတ်ထားပါသည်။ ညှဉ်းပန်းနှိပ်စက်ခြင်းသည် မြန်မာနိုင်ငံတွင်စနစ်တကျ၊ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေသော ပြဿနာတစ်ရပ်ဖြစ်ပြီး၊ များသောအားဖြင့် အကျဉ်းထောင်များနှင့် အခြားသော ဖမ်းဆီးထိန်းသိမ်းရာနေရာများတွင် ပြစ်ဒဏ်ပေးခြင်းနှင့် စစ်ကြောရေးတို့အတွက် လက်နက်၊ ကိရိယာအဖြစ်အသုံး ပြုနေပါသည်။ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (ICCPR)၊ ကုလသမဂ္ဂ ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေး သဘောတူစာချုပ်(UNCAT)နှင့် ၎င်း၏ နောက်ဆက်တွဲစာချုပ်များအား အတည်ပြုလက်မှတ်ရေးထိုးခြင်းအားဖြင့် အကျဉ်းသား၊ အချုပ်သားများအား ထိန်းသိမ်းထားရှိသောနေရာများအပေါ် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးစနစ် တစ်ခုနှင့်အတူ ၎င်းနေရာများရှိ တရားမမျှ တမှုများအား တိုင်ကြားနိုင်သော လုပ်ထုံးလုပ်နည်းများထူထောင်နိုင်ရန် အထောက်အပံ့ပေးမည်ဖြစ်ပါသည်။ ဦးသိန်းစိန်

26. Prison Reforms and Alternatives to Imprisonment," United Nations Office on Drugs and Crime, 2014

အစိုးရအနေ ဖြင့်၂၀၁၄ ခုနှစ်အတွင်းအထက် ပါနိုင်ငံတကာစာချုပ်အား အတည်ပြု လက်မှတ်ရေးထိုး မည်ဟူသော ၎င်းတို့၏ ကတိကဝတ်အား လက်တွေ့ဖေါ်ဆောင် ဖြည့်ဆည်းနိုင်ခဲ့ခြင်းမရှိသလို၊ အမျိုး သားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရသည်လည်းအလား တူဖြည့်ဆည်းဆောင်ရွက်နိုင်ခြင်းမရှိသေးပေ။ ဤကဲ့ သို့နိုင်ငံတကာ လူ့အခွင့်အရေးစာချုပ်များအား လက်မှတ်ရေးထိုးခြင်းသည် မြန်မာနိုင်ငံအတွင်းကျယ်ပြန့် စွာကျင့်သုံးနေသော ညှဉ်းပန်းနှိပ်စက်မှုနှင့် လူ့ဂုဏ်သိက္ခာကျဆင်းစေသော ဆက်ဆံမှုတို့အားရပ်ဆိုင်း၊ ပျောက်ကွယ်သွားစေရန်နှင့် တာဝန်ခံမှုရှိခြင်းတို့အား ထင်ရှားစေသည့် ပဓာနကျသော ခြေလှမ်းတစ်ရပ် ဖြစ်ပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရလက်ထက်တွင် နှိပ်စက်ညှဉ်းပန်းမှုအား လုံးဝလက် သင့်ခံမည်မဟုတ်ပဲ၊ ကျူးလွန်သူများအား အပြစ်မပေးပဲ လွတ်မြောက်ခွင့်မပြုတော့ကြောင်း အလေးထား ဆောင်ရွက်နိုင်ရန် UNCAT, ICCPR နှင့် ၎င်းတို့၏နောက် ဆက်တွဲစာချုပ်များ (optional protocols) အား အစိုးရမှ အမြန်ဆုံးအတည်ပြု လက်မှတ်ရေထိုးသွားပါရန် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့် ရှောက်ရေးအသင်းမှ တိုက်တွန်း တောင်းဆိုအပ်ပါသည်။

တရားရင်ဆိုင်နေစဉ် အချုပ်ချထားခြင်းအား အလွန်အကျွံ အသုံးပြုခြင်းနှင့် အချိန်အပိုင်းအခြား မရှိထိန်းသိမ်းချုပ်နှောင်ထားခြင်းအားဖြင့် တရားစီရင်ရေးစနစ်၏ တရားဝင် လုပ်ထုံးလုပ်နည်းများ သည် " အပြစ်ရှိကြောင်း သက်သေမပြနိုင်မခြင်း အပြစ်မရှိ" ဟူသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာ စာတမ်း အပိုဒ်(၁၁/၁)အား ချိုးဖေါက်နေပြီး၊ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် အပိုဒ်(၉/၃)ပါ "တရားရုံးစစ်ဆေး ကြားနာမှုအား စောင့်ဆိုင်းနေကြသူများအား ဖမ်း ဆီးချုပ်နှောင်ထားခြင်းသည် ယေဘုယျအားဖြင့် လိုက်နာရသည့် လုပ်ရိုးလုပ်စဉ်မဟုတ်ပါဟူသည့် အပိုဒ်အားလည်း ချိုးဖောက်ရာရောက်နေပါသည်။ တရားရင်ဆိုင်နေစဉ် အချုပ်ချထားခြင်းသည် မြန်မာ နိုင်ငံအကျဉ်းထောင်များတွင်း လူဦးရေထူထပ်စေသည့် အဓိကအချက်ဖြစ်ပြီး၊ နိုင်ငံသားနှင့်နိုင်ငံရေး အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် အပိုဒ် (၉/၁) တွင် ပေးအပ်ထားသည့် လွတ်လပ် ခွင့်နှင့် မတရားဖမ်းဆီးချုပ်နှောင်ခြင်းမှ ကင်းလွတ်ခွင့်တို့အားလည်း ချိုးဖောက်ရာရောက်ပါသည်။ အရပ် သားအစိုးရလက်ထက်တွင်ပင်လျှင် မြန်မာနိုင်ငံရှိ နိုင်ငံရေးအရ သဘောထားကွဲလွဲသူများ အသံတိတ် စေရန် မတရားဖမ်းဆီးချုပ်နှောင်မှုအား ကိရိယာတစ်ခုအဖြစ် ဆက်လက်ကျင့်သုံးလျှက်ရှိပါသည်။ ထိုကဲ့ သို့သော မတရားဖမ်းဆီးချုပ်နှောင်မှုများတွင် အာမခံလျှောက်ထားမှုအား အစဉ်တစိုက်ငြင်းပယ်ခံရ ခြင်းနှင့် ငွေကုန်ကြေးကျများလွန်းနေခြင်းသည် နိုင်ငံတကာ ဥပဒေအားတိုက်ရိုက် ဆန့်ကျင်ချိုးဖောက် နေပါသည်။ လွတ်လပ်ခွင့်နှင့် အခွင့်အရေးများအားကာကွယ် ရန်နှင့်မြှင့်တင်ရန်မှာ အစိုးရတာဝန်ဖြစ် သည်ဟူသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်းနှင့် နိုင်ငံတကာလူ့အခွင့်အရေးစာချုပ် စာတမ်းများပါ ပြဋ္ဌာန်းချက်များအားလေးစား၊ စောင့်ထိန်းပေးပါရန် နိုင်ငံရေးအကျဉ်းသားများကူညီ စောင့် ရှောက်ရေးအသင်းမှ နိုင်ငံတော်အစိုးရအား မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။ နိုင်ငံသားနှင့်နိုင်ငံရေး အခွင့်အရေးဆိုင်ရာ နိုင်ငံတကာစာချုပ်အား အတည်ပြုလက်မှတ်ရေးထိုးခြင်းသည် မြန်မာနိုင်ငံတွင် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးအား ကျင့်သုံးခြင်းအတွက်ရာဇဝတ် ပြစ်မှုမြောက်စေခြင်းနှင့် အာမခံ လျှောက်ထားမှုအား ငြင်းပယ်ခံရခြင်း စသည်တို့မှ အကာအကွယ်ပေးရန် အခြေခံကျသောခြေလှမ်း တစ်ရပ်ဖြစ်ပါသည်။ အတည်ပြုလက်မှတ် ရေးထိုးပြီးပါက အစိုးရအနေဖြင့် ကုလသမဂ္ဂလူ့အခွင့် အရေး

> "လူတစ်ဦးသည် လွတ်လပ်မှု ပိတ်ပင်၊ ကန့်သတ်ခံထားရသည့်အချိန်တွင် ထိုသူအတွက် လုံလောက်သော အစားအစာ၊ ရေနှင့် မိလ္လာ၊ ကျန်းမာရေးစောင့်ရှောက်မှုတို့ ထောက်ပံ့ပေးရန်မှာ အစိုးရ၏ တာဝန်ဖြစ်သည်"

ကောင်စီသို့ နိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေ အသေးစိတ်နှင့် လူ့အခွင့်အရေးအခြေအနေ တိုးတက်လာစေရန် မည်သို့သော လုပ်ဆောင်ချက်များ လုပ်ဆောင်ထားသည်ကို လေးနှစ်တစ်ကြိမ် အစီရင်ခံရန် လိုအပ်မည်ဖြစ်ပါသည်။ ဤလုပ်ဆောင်ချက်သည် လူ့အခွင့် အရေးအခြေအနေစဉ်ဆက်မပြတ်၊ ရေရှည်တိုးတက်မှုရှိစေရန် လက်ရှိအစိုးရသာမက နောင်လာမည့် အစိုးရများအတွက်ပါ တာဝန် ခံမှုရှိစေသည့် အရေးကြီးသော ယန္တရားတစ်ရပ်ဖြစ်ပေသည်။ အပြစ်ရှိကြောင်း သက်သေမပြနိုင်သ၍ ထိုသူသည် အပြစ်မရှိဟု ယူဆရမည်ဆိုသော ဥပဒေထုံးအားကာကွယ်ပေးနိုင်ရန်၊ လွတ်လပ်ခွင့်များအားရရှိခံ စားနိုင်စေရန်နှင့် အကျဉ်းထောင်အတွင်း လူဦးရေ ကျပ်တည်းမှုအား လျော့ချနိုင်စေရန် အရေးကြီးသောခြေလှမ်းတစ်ရပ် အနေဖြင့် ICCPR နိုင်ငံတကာသဘောတူစာချုပ်အား အစိုးရအနေဖြင့် ချွင်းချက် မရှိဖြင့်ချက်ချင်း အတည်ပြုလက်မှတ်ရေးထိုးပါရန် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းမှ တိုက်တွန်းတောင်းဆိုအပ်ပါသည်။ လွတ်လပ်စွာထင်မြင်ယူဆခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ခွင့်တို့အား အကာအကွယ်ပေးပြီး၊ ထိုအခွင့်အရေးများ ကျင့်သုံးသူတို့အား အရေးယူအပြစ်ပေးခြင်းမရှိစေရ ဟု မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ရှေ့မှောက်၌ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ (၆)ရက်နေ့တွင် အာမခံ၊ ကတိပြုခဲ့ခြင်းအား လေးစားဂုဏ်ယူစွာ အသိ အမှတ်ပြုပါသည်။[၂၇]

အကျဉ်းထောင်များအတွင်း လူဦးရေထူ ထပ်နေခြင်းသည် ရေ၊ မိလ္လာနှင့်၊ ရေဆိုးထုတ်စနစ်တို့အား အလုံအလောက်ဖြည့်ဆည်းပေးနိုင်ရန် အလွန်အမင်း အားစိုက်ထုတ်ရ ပြီး ဝန်ပိစေပါသည်။ ဆပ်ပြာ၊ ရေကောင်းရေသန့်၊ အာဟာရပြည့်ဝသောအစားအစာနှင့် အချိန်နှင့် တပြေးညီ လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုတို့ ရရှိနိုင်ရန်သည်လည်း ကြီးမားသော အဟန့်အတားများ ဖြစ်ပေါ်နေစေပြီး၊ ကျန်းမာရေးနှင့် သန့်ရှင်းရေးတို့အတွက် မရှိမဖြစ်လိုအပ်သော အသုံးအဆောင်ပစ္စည်းများအားအကျဉ်းသားများအနေဖြင့် များသောအားဖြင့် ၎င်းတို့၏မိသားစုဝင်များထံ မှီခိုအားထားနေရပါသည်။ နိုင်ငံတကာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် အပိုဒ်(၁၂)၊ ပိုဒ်ခွဲ(၁)တွင် "ဤပဋိညာဉ်စာတမ်းအဖွဲ့ဝင်နိုင်ငံများသည် လူတိုင်းလူတိုင်း ကာယ၊ ဉာဏ၊ ကျန်းမာရေ းစံချိန်စံညွှန်း အမြင့်မားဆုံးရရှိနိုင်မှုအခွင့်အရေးကို အသိအမှတ်ပြုသည်။" ဟုပြဌာန်းထားပြီး၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်း အပိုဒ်(၂၅)တွင်လည်း "လူတစ်ဦးသည် လွတ်လပ်မှုပိတ်ပင်၊ ကန့်သတ်ခံထားရသည့်အချိန်တွင် ထိုသူအတွက် လုံလောက်သော အစားအစာ၊ ရေနှင့် မိလ္လာ၊

27. They Can Arrest You at Any Time: the Criminalization of Peaceful Expression in Burma, Human Rights Watch, 2016



အကျဉ်းသားများအား ကျွေးသည့် တာလပေါ (ဟင်းရွက်ပြုတ်ရည်)

ကျန်းမာရေးစောင့်ရှောက်မှုတို့ ထောက်ပံ့ပေးရန်မှာ အစိုးရ၏တာဝန်ဖြစ်သည်”ဟု ဖော်ပြပါရှိပါသည်။ နိုင်ငံတကာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် အပိုဒ်(၁၂)၊ ပိုဒ်ခွဲ(၂)တွင် ဖော်ပြပါအခွင့်အရေးများ ရရှိခံစားနိုင်စေရန် အစိုးရမှလုပ်ဆောင်ရမည့် အဆင့်များအား အကျဉ်းချုပ်(အနစ်ချုပ်)ဖော်ပြထားပါသည်။ မရှိမဖြစ်လိုအပ်သော အခြေခံအရင်းအမြစ်များ အားနည်းချို့တဲ့မှုနှင့် အကျဉ်းထောင်တွင်း လူဦးရေထူထပ်ခြင်းတို့ကြောင့် တုပ်ကွေး၊  HIV၊ တီဘီနှင့် သွေးလွန်တုပ်ကွေးကဲ့သို့သော ကြိုတင်ကာကွယ်နိုင်သည့် ရောဂါများမှာ အကျဉ်းထောင်ပြင်ပလူ့အသိုင်းအဝန်းထက် အကျဉ်းထောင်တွင်း ပိုမိုကူးစက်ပျံ့နှံ့စေပါသည်။[၂၈] ဤကိစ္စရပ်သည် အကျဉ်းသားများ၏ ကျန်းမာရေးသာမကပဲ၊ အကျဉ်းထောင်ပြင်ပအဝန်းအဝိုင်းကိုပါ ထိခိုက်မှုရှိစေပါသည်။ များသောအားဖြင့်အကျဉ်းသားများ၏ ကျန်းမာရေးသည် အခြားသောပြည်သူလူထု၏ ကျန်းမာရေးလောက်အရေးမကြီးဟူသောအမြင်ဖြင့် ခွဲခြားရှုမြင်ခံရပါသည်။ သို့ပါသော်လည်း အကျဉ်းသားများသည် ပုံမှန်အားဖြင့် ထောင်ပြောင်းရွှေ့ခြင်း၊ အကျဉ်းထောင်မှ လွတ်မြောက်ခြင်း၊ ထောင်ဝင်စာတွေ့ဆုံခြင်း၊ အကျဉ်းထောင်တွင်းအဝင်၊ အထွက် ပုံမှန်ပြုလုပ်နေရသော အကျဉ်းထောင် ဝန်ထမ်းများနှင့် ထိတွေ့ဆက်ဆံနေရခြင်း စသည်တို့ကြောင့် သန့်ရှင်းမှုနှင့် ကျန်းမာရေးစံချိန်၊ စံနှုန်းများသည် အကျဉ်းသားများအတွက်သာမက၊ ပြည်သူ့ကျန်းမာရေးအတွက် အရေးပါသော ကိစ္စရပ်တစ်ခုဖြစ်ပါသည်။[၂၉] အစိုးရအနေဖြင့် အကျဉ်းသားများ၏ ကျန်းမာရေးကိစ္စရပ်အား ပိုမိုကျယ်ပြန့်စွာ ထည့်သွင်းစဉ်းစားပြီး၊ အကျဉ်းထောင်တွင်း ကျန်းမာရေးအခြေအနေနှင့် ပိုမိုကျယ်ပြန့်သည့် လူ့အသိုင်းအဝန်းတစ်ခုလုံး၏ ကျန်းမာရေးတို့အကြား ပင်ကိုယ်အားဖြင့် ဆက်စပ်မှုရှိနေခြင်းအား အသိအမှတ်ပြုပါရန် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး

28. Priority Communicable Diseases, World Health Organization, Health in Asia and the Pacific, Chapter 7, 177-396, 2008
29. Infection Control in Jails and Prisons, Clinical Infectious Diseases, 2007



ပုံစံထိုင်နေသော အကျဉ်းသားများ

အသင်းမှ လေးနက်စွာအကြံပြုပါသည်။ မြန်မာနိုင်ငံမှ နိုင်ငံတကာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာသဘော တူစာချုပ်အား ၂၀၁၅ခုနှစ် ဇူလိုင်လတွင် လက်မှတ်ရေးထိုးခဲ့ပြီး၊ (၂) နှစ်ခွဲ အကြာ (၆)ရက် အောက်တိုဘာ ၂၀၁၇ တွင် အတည်ပြုခဲ့ခြင်းသည် ရုပ်ပိုင်းနှင့် စိတ်ပိုင်း ဆိုင်ရာ ကျန်းမာရေးအခွင့်အရေးများ၏ အမြင့်ဆုံးစံချိန်၊စံနှုန်းများ ရရှိကျင့်သုံးနိုင်ရေးအတွက် ပဓာနကျသော ခြေလှမ်းတစ်ရပ်လည်း ဖြစ်ပါသည်။ စီး၊ လူ၊ ယဉ် နောက်ဆက်တွဲစာချုပ်အား အတည်ပြုလက်မှတ်ရေး ထိုးခြင်းဖြင့် အခွင့်အရေးချိုးဖောက် ခံရခြင်းကြောင့် တိုင်ကြားမှုများအား ကိုင်တွယ်ဖြေရှင်းရန်အတွက် အရေးကြီးသော ယန္တရားတစ်ရပ်အား တည်ထောင်ပြီးဖြစ်သလို၊ စာချုပ်အဖွဲ့ဝင်နိုင်ငံများမှ ဤစာချုပ်ပါ အခွင့်အရေးများ လက်တွေ့ အကောင်အထည်ဖေါ် ဆောင်ရွက်ခြင်းတွင် အထောက်အပံ့တစ် ရပ်လည်း ဖြစ်စေပါမည်။

SMR ဆိုသည်မှာ အကျဉ်းသားများအား ပြုမူဆက်ဆံခြင်းဆိုင်ရာ အနိမ့်ဆုံးစံချိန်၊စံနှုန်းများ၊ အကျဉ်းထောင်စနစ် စီမံခန့်ခွဲရေးနှင့် ထိရောက်မှုအရှိဆုံး လုပ်ထုံးလုပ်နည်းများအား ညွှန်ပြထားသည့် ကုလသမဂ္ဂမှ ချမှတ်ထားသော ပြည့်စုံသည့် စည်းမျဉ်းစည်းကမ်းများဖြစ်ပါသည်။ SMR တွင်ပါဝင်သော စည်းမျဉ်းစည်းကမ်းများသည် လူ့အဖွဲ့အစည်းအား ရာဇဝတ်မှုများမှ ကာကွယ် စောင့်ရှောက်ပေးနိုင်ရန် ပြစ်မှုကျူးလွန်သူသည် ပြစ်ဒဏ်ကျခံပြီး၍ လူ့အဖွဲ့အစည်းအတွင်းသို့ ပြန်လည်ဝင်ရောက်လာချိန်တွင် ကိုယ့်အားကိုယ်ကိုးနိုင်ပြီး တရားဥပဒေအား လေးစားလိုက်နာရန်စိတ်ဆန္ဒရှိရုံသာမက လက်တွေ့ကျင့် သုံးနိုင်စေရန်အတွက် ၎င်းအကျဉ်းကျခံနေရစဉ်အတွင်း တတ်နိုင်သမျှစီမံဆောင် ရွက်ပေးနိုင်ခြင်းမှသာ ရရှိနိုင်မည်ဖြစ်ကြောင်း အသိအမှတ်ပြုလျက် လူ့အခွင့်အရေးအားကာကွယ်ပြီး၊ ပြန်လည်ပြုစုပျိုးထောင် ရေးအမြင်အား အမြင့်ဆုံးထားရှိသည့် ရည်ရွယ်ချက်ဖြင့် အကျဉ်းထောင်စနစ်အား စီမံခန့်ခွဲခြင်းတွင် အစိုးရအားကူညီ၊ထောက်ပံ့နိုင်သည့်လမ်းညွှန်ချက်များဖြစ်ပါသည်။ ဖော်ပြပါလမ်းညွှန်ချက်များနှင့်အညီ အကျဉ်းထောင်စနစ် ပြုပြင်ပြောင်းလဲရေးအား အကောင်အထည် ဖော်ဆောင်ရွက်ခြင်းသည် အား

ကစား၊ ကျန်းမာရေးစောင့်ရှောက်မှု၊ တကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအပါအဝင် အကျဉ်းသားများ၏ သုခချမ်းသာနှင့် ကျန်းမာရေးစသည့် ကိစ္စရပ်များအား ကိုင်တွယ်ဖြေရှင်းခြင်း၊ တိုင်ကြားမှုဆိုင်ရာ ယန္တရားများတည်ထောင်ခြင်း တို့အပြင် အကျဉ်းသားမှတ်ပုံတင်ခြင်း၊ အကျဉ်းသားများအား ခွဲခြားထားခြင်းနှင့် အကျဉ်းသားများအား စည်းကမ်းသတ်မှတ်ခြင်း အစရှိသည်တို့နှင့် ဆက်စပ်နေသည့် အခြေအနေများအား တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်းအတွက် အရေးကြီးသောလုပ်ဆောင်ချက်တစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံ အကျဉ်းထောင်စနစ်၏ နေရာများစွာတွင် ဖော်ပြပါစံနှုန်းများ ပြည့်မီမှုမရှိသေးပေ။ ထို့ကြောင့် အစိုးရအနေဖြင့် မြန်မာနိုင်ငံအကျဉ်းထောင်စနစ်အား ကျယ်ကျယ်ပြန့်ပြန့် လက်ခံကျင့်သုံးနေသော ထိရောက်မှုအရှိဆုံး လုပ်ထုံးလုပ်နည်း စံချိန်၊ စံနှုန်းများနှင့်အညီ အကောင်အထည်ဖော်ရာတွင် SMRs ပါစည်းမျဉ်းစည်းကမ်းများသည် အဖိုးမဖြတ်နိုင်သည့် အရင်းအမြစ်များဖြစ်ပါသည်။ တရားဥပဒေ စိုးမိုးရေးအား လေးစားလိုက်နာသော ယဉ်ကျေးမှုတစ်ခုပေါ်ထွန်းလာရန်နှင့် တရားစီရင်ရေးစနစ်၏ အကျိုးသက်ရောက်မှုအားတိုးမြှင့်ရန် အရပ်သားဒီမိုကရေစီ အစိုးရလက်ထက်တွင် ဖော်ပြပါ စံချိန်၊ စံနှုန်းများအား အသိအမှတ်ပြုရေးအတွက် ဦးစားပေးလုပ်ဆောင်ရန် လိုအပ်ပါသည်။ အစိုးရအနေဖြင့် မြန်မာနိုင်ငံအကျဉ်းထောင်စနစ် ပြုပြင်ပြောင်းလဲရေးအတွက် ကုလသမဂ္ဂမှချမှတ်ထားသည့် အကျဉ်းသားများအား ပြုမူဆက်ဆံခြင်းဆိုင်ရာ အနိမ့်ဆုံး စံချိန်၊ စံနှုန်းများ (SMR)၏ အခြေခံမူများနှင့်အညီ ချက်ချင်းစတင် ဆောင်ရွက်ပါရန် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းမှ တိုက်တွန်း အပ်ပါ သည်။

မြန်မာနိုင်ငံအကျဉ်းထောင်စနစ်အား SMRs ပါ စည်းမျဉ်းများနှင့်အညီ ဖေါ်ဆောင်ရာ၌ကြီးမားသည့် အဟန့်အတားတစ်ရပ်မှာ အချက်အလက်များအား စုဆောင်းထိန်းသိမ်းထားမှုအားနည်းခြင်းနှင့် လူထုအကြား ပွင့်လင်းမြင်သာမှုရှိစွာ အသိပေးချပြမှုမရှိခြင်းဖြစ်ပါသည်။ အကျဉ်းထောင်တိုင်းတွင် အကျဉ်းသားများ၏ ကိုယ်ရေးအချက်အလက်၊ အကျဉ်းကျခံရသည့် အကြောင်းအရင်း၊ အကျဉ်းသားတစ်ဦးစီ၏ အကျဉ်းထောင်သို့ ရောက်ရှိလာသည့် အချိန်နှင့်နေ့ရက် စသည့်အချက်အလက်များအား မှတ်သား၊ ရေးသွင်းထားသော မှတ်ပုံတင်စာအုပ်ရှိရမည်ဟု SMRsစည်းမျဉ်း (၇) အပိုဒ်ခွဲ (၁) တွင်သေချာ၊ တိကျစွာဖော်ပြထားပါသည်။ ကျွမ်းကျင်သူများ၏အဆိုအရ အချက်အလက်များ ကောင်းမွန်စွာ ရေးသွင်းမှတ်တမ်းတင်ထားခြင်းမရှိသော အကျဉ်းသားများသည် ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများ ခံရရန် များစွာနီးစပ်ပါသည်။[၃၀] တိကျသေချာသော မှတ်တမ်းမရှိခြင်းကြောင့် အကျဉ်းထောင်လူဦးရေထူထပ်ခြင်း ပြဿနာများအား ဖြေရှင်းနိုင်ရန် မူဝါဒနှင့်အစီအမံများ ဗျူဟာမြောက် ချမှတ်နိုင်ခြင်းရှိမည်မဟုတ်ပဲ၊ လူ့အခွင့်အရေးချိုးဖောက်မှုများအား ပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်ရနေသော ဓလေ့သည်လည်း ကျယ်ပြန့်စွာ ဆက်လက်တည်ရှိနေမည်ဖြစ်ပါသည်။ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှု

30. TPhilip Alston, United Nations Special Rapporteur on Extrajudicial Summary or Arbitrary Executions, Handbook on Prisoner File Management, United Nations Office on Drugs and Crime, 2008

ဆိုင်ရာရုံး၏ အကျဉ်းသားမှတ်တမ်းစာရင်းများ စီမံခန့်ခွဲခြင်းဆိုင်ရာလက်စွဲစာအုပ် အခန်း(၅)၌ အကျဉ်းသားများ၏ မှတ်တမ်း၊ စာရင်းများအား မည်သို့ပြုလုပ်၊ဖန်တီးပြီး မည်သို့ထိန်းသိမ်းထားရမည်ကို တိုက်ဆိုင်၊ စစ်ဆေးနိုင်ရန် အချက်အလက်များ ဖော်ပြထားပါသည်။ ထိုတိုက်ဆိုင် စစ်ဆေးရမည့်အချက်များတွင် အကျဉ်းသားများ၏ ကိုယ်ရေးအချက်အလက်၊ ထိန်းသိမ်းခံထားရသည့် အခြေအနေအသေးစိတ်၊ တရားစီရင်ရေးမှတ်တမ်း၊ ဖမ်းဆီးခံရမှုဖြစ်စဉ်၊ စုံစမ်းစစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်များ စသည့်အမှန်တကယ်လိုအပ်ပြီး၊ အဓိကကျ အရေးပါသောအချက်အလက်များပါဝင်ပါသည်။[31] ဤ အချက်အလက်များသည် တရားစီရင်ရေးစနစ်တစ်ခုလုံးရှိ အမှုအခင်းများ စီမံခန့်ခွဲရေးနှင့် နည်းစနစ်ကျသော မှတ်တမ်းစုဆောင်းခြင်းကို လုပ်ဆောင်ရာတွင်အရေးပါသော အရင်းအမြစ်တစ်ခုဖြစ်ပါသည်။ ပြည့်စုံ၊ စနစ်ကျသော မှတ်တမ်းတင်ခြင်းသည် အကျင့်ပျက်ခြစားခြင်းအား ထိရောက်စွာလျှော့ချနိုင်ရေးနှင့် ပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်ရခြင်းအား တားဆီးကာကွယ်နိုင်ရေးအတွက် လွန်စွာအကျိုးရှိသော နည်းလမ်းတစ်ခုဖြစ်သည့်အပြင် အကျဉ်းထောင်စနစ် ပြုပြင်ပြောင်းလဲရေးအတွက် အစီအမံများချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့အတွက် အခြေခံကျသော ခြေလှမ်းတစ်ရပ်လည်းဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အကျဉ်းသားများ၏ အချက်အလက်များစုဆောင်း၊ ကောက်ယူခြင်းအား (UNDOC) လက်စွဲစာအုပ်ပါ လမ်းညွှန်ချက်များ၊ (SMRs)စည်းမျဉ်းများတို့နှင့်အညီ ပြောင်းလဲပြင်ဆင်ရန်မှာ အဆော တလျင်လုပ်ဆောင်ရမည့်အရေးကြီးသော လိုအပ်ချက်တစ်ခု ဖြစ်ပါသည်။ တိကျသော အချက်အလက် များသည် လူ့အခွင့်အရေးကာကွယ်ရန်အတွက် မရှိမဖြစ် လိုအပ်သောကိရိယာတစ်ခုဖြစ်ပြီး၊ တာဝန်ခံမှုရှိပြီး ကြန်အင်လက္ခဏာများနှင့်ပြည့်စုံသော ဒီမိုကရေစနစ်၏ အဓိကသော့ချက် တစ်ခုလည်း ဖြစ်ပါ သည်။

SMRs စည်းမျဉ်း(၈)တွင် အကျဉ်းသားများအား ၎င်းတို့၏ လိင်၊ အသက်၊ ရာဇဝတ်မှုဆိုင်ရာမှတ်တမ်းနှင့် အခြားလိုအပ်ချက်များအပေါ်အခြေခံ၍ အတန်းအစားအလိုက် ခွဲခြားထားရှိရန် ဖွင့်ဆိုထားပါသည်။ ထိုနည်းတူစွာပင် ICCPR အပိုဒ်(၁၀) ပိုဒ်ခွဲ(၂(က)တွင် ခြွင်းချက်ထားရမည့် အခြေအနေမှတစ်ပါး အမှုရင်ဆိုင်နေသူများအား ပြစ်ဒဏ်ကျအကျဉ်းသားများနှင့် ခွဲခြားထားရှိပြီး၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရမှုမရှိသေးသောသူများအနေဖြင့်၎င်းတို့အခြေအနေနှင့်သင့်လျော်သောသီးခြားပြုမှုဆက်ဆံမှုမျိုးရရှိရမည်ဟု အတိအလင်းဖော်ပြထားပါသည်။ အကျဉ်းသားများအား ခွဲခြားထားရှိခြင်းသည် အကျဉ်းထောင်လုံခြုံရေးအတွက် အခြေခံကျပြီး၊ အကျဉ်းချခြင်းကြောင့် ရာဇဝတ်မှုသံသရာလည်ခြင်း မဖြစ်ပေါ်စေရန် သေချာစေမည်ဖြစ်ပါသည်။[32] ထို့အပြင် အမှုရင်ဆိုင်နေသော အချုပ်အကျဉ်းသားများနှင့် ပြစ်ဒဏ်ကျအကျဉ်းသားများအား ခွဲခြားထားခြင်းနှင့်ဆက်နွယ်နေသည့် အပြစ်ရှိကြောင်း သက်သေမပြနိုင်သ၍ ထိုသူသည် အပြစ်မရှိဟု ယူဆရမည်ဟုဆိုသော ဥပဒေထုံးအား စောင့်ထိန်းခြင်းအပေါ်အရေးကြီးသော တိုင်းတာမှုတစ်ခုဖြစ်ပြီး၊ အကျဉ်းသားတစ်ယောက်စီတိုင်းအား ၎င်းတို့၏လိုအပ် ချက်များနှင့် သင့်တင့်လျောက်ပတ်သည့်အကျဉ်းထောင် အခြေအနေများစီမံပေးနိုင်ရန် အရေးပါသောလိုအပ်ချက်

31. Handbook on Prisoner File Management, United Nations Office on Drugs and Crime, 2008
32. The Paradox in Incarceration and Crime, Justice Action, University of Ottawa Faculty of Law, 2008

လည်းဖြစ်ပါသည်။ လုံခြုံရေးလိုအပ်ချက်အပေါ် အခြေခံ၍ အကျဉ်းသားများအား ခွဲခြားထားခြင်းသည် အကျဉ်းသားများ အတွက်သာမက အကျဉ်းထောင်ဝန်ထမ်းများအပေါ်ကိုပါ ကျရောက်လာနိုင်သော အန္တရာယ်များကို လျော့နည်းစေပါသည်။ ဤလုပ်ဆောင်ချက်သည် အကျဉ်းထောင်လုံခြုံ ရေးရာကိစ္စရပ်များကို လျော့ချပေးနိုင်ရုံသာမက အကျဉ်းထောင်ဝန်ထမ်းများ အလုပ်ဝန်မပိစေရေးနှင့် အန္တရာယ်ကင်းလုံခြုံစိတ်ချရသော လုပ်ငန်းခွင်တစ်ခု တည်ဆောက်နိုင်ရန်လိုအပ်သည့် ဝန်ထမ်းအရေးအတွက်ကိုလည်း လျော့ချနိုင်ပြီး၊ အကန့်အသတ်ရှိနေသော လူသားနှင့် ငွေကြေးဆိုင်ရာအရင်းအမြစ်များကိုချွေတာနိုင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေတွင် အကျဉ်းသားခွဲခြားထားရှိခြင်းအတွက် ပြဌာန်းထားသော်ငြားလည်း၊ လုံလောက်သော ဆောင်ရွက်ချက်များ မရှိသေးပေ။

> နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်နှင့် ၎င်း၏ နောက်ဆက်တွဲစာချုပ်အား အတည်ပြုလက်မှတ်ရေးထိုးခြင်းဖြင့် ပြည်တွင်းဥပဒေပါ ပြဌာန်းချက်များကို အားကောင်းလာစေရန်အတွက် အစိုးရမှလုပ်ဆောင်ရန် လိုအပ်နေမှုအပေါ်အားဖြည့်ပေးနိုင်ပြီး၊ ရလာဒ်ကောင်းများ အောင်မြင် စွာရရှိနိုင်မည်ဖြစ်ပါသည်။

အကျဉ်းထောင်လူဦးရေထူထပ်ခြင်းနှင့် ဆက်စပ်နေပြီး၊ ပြုပြင်ပြောင်းလဲရေးအတွက် အခြေခံတစ်ရပ်အဖြစ်အသုံးဝင်သော အခြားသောလမ်းညွှန်ချက်များမှာ ကုလသမဂ္ဂအထွေထွေညီလာခံ (၁၉၉၀) မှအတည်ပြုခဲ့သော အချုပ်အနှောင်ကင်းလွတ်မှု စီမံချက်အတွက် ကုလသမဂ္ဂ၏ အနိမ့်ဆုံး စံချိန်စံနှုန်းများ (the Tokyo Rules) တိုကျိုစည်းမျဉ်းများဖြစ်ပါသည်။ ထောင်သွင်းအကျဉ်းချခြင်းအစားအခြားသော နည်းလမ်းများအားအသုံးပြုခြင်းသည် အကျဉ်းချခြင်းနှုန်းအားလျော့ကျစေပြီး၊ ပြစ်မှုကျူးလွန်သူနှင့် လူ့အဖွဲ့အစည်း နှစ်ခုစလုံးတို့အား အကျိုးရှိစေမည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက်ပါ အကျိုး သက်ရောက်မှုရှိစေသည် ဟူသောအချက်တို့အား အသိအမှတ်ပြုလက်ခံပြီး တိုကျိုစည်းမျဉ်းများ (the Tokyo Rules) အားရေးဆွဲထားပါသည်။ ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်၏အမြင့်မားဆုံးဦးတည်ချက်မှာ ပြစ်မှုကျူးလွန်သူများအား ပြန်လည်ပြုစုပျိုးထောင်ရေးနှင့် အကျဉ်းထောင်တွင်းမရောက်မီ ၎င်းတို့၏ အပြုအမူ၊ လုပ်ဆောင်ချက်များအား ပြန်လည်ပြင်ဆင်ခွင့်ပေးရန်ဖြစ်ပြီး လွတ်လပ်မှုအား ပိတ်ပင်ခြင်းသည် နောက်ဆုံးဖြေရှင်းသော နည်းလမ်းတစ်ခုအဖြစ်သာအသုံးပြုသင့်သည်ဟူသည့် ခံယူချက်အား ဤစည်းမျဉ်း များက ထင်ဟပ်စေပါသည်။ မြန်မာနိုင်ငံတွင်းရှိ လက်ရှိကျင့်သုံးနေသော ခေတ်စနစ်နှင့် မကိုက်ညီတော့သည့် ရာဇသတ်ကြီး (၁၈၆၁) နှင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေတို့သည် တရားသူ ကြီးများစီရင်ချက် ချမှတ်ရာတွင် ရွေးချယ်ခွင့်အတွက် အကန့်အသတ်ဖြစ်နေပါသည်။ လက်ရှိတွင်ဖော်ပြပါ ဥပဒေနှစ်ခုအရရှိနေသော စီရင်ချက်ပြစ်ဒဏ်များမှာ သေဒဏ်၊ ကျွန်းဒဏ်၊ ထောင်ဒဏ် နှင့် ငွေဒဏ်ဖြစ်ပြီး၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအောက်တွင်သာ ခံဝန်ချုပ်ဖြင့် လွှတ်ခြင်းပါရှိသည့်အတွက် တရားရုံးများအနေဖြင့် အကျဉ်းချခြင်းမပြုဘဲ အခြားသောနည်းလမ်းများဖြင့် ပြစ်ဒဏ်ပေးနိုင်ရန်မှာအလွန်

> "တရားရေးမဏ္ဍိုင်အတွက် မျှတသော တရားစီရင်ရေးအဖြစ် စီမံခန့်ခွဲနိုင်ရန် လိုအပ်သော အမီ အခိုကင်း၊ လွတ်လပ်မှုအား ရရှိခံစား နိုင်စေခြင်းမရှိပေ"

နည်းပါးသော အခွင့်အလမ်းဖြစ်နေပါသည်။[33] လူ့အခွင့်အရေးအခြေခံမှုများ၊ လူမှုတရားမျှတမှုနှင့် ပြစ်မှုကျူးလွန်သူအတွက် ပြန်လည်ထူထောင်ရေး လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားလျက်အချုပ်အနှောင်ကင်းလွတ်မှုဆောင်ရွက်ချက် (ဖမ်းဆီး၊ ချုပ်နှောင်၊အကျဉ်းချခြင်းမဟုတ်သော) နည်းလမ်းများအားအသုံးပြု၍အပြစ်ပေးခြင်းအားတိုကျိုစည်းမျဉ်းများ (Tokyo Rules) ၏ အဓိကရည်ရွယ်ချက် အပိုဒ်(၁) ပိုဒ်ခွဲ (၁.၅)တွင် အလေးထားဖော်ပြထားပါသည်။ တိုကျိုစည်းမျဉ်းများ (Tokyo Rules) နှင့် ကိုက်ညီစွာထောင်သွင်း အကျဉ်းချခြင်းအစား အခြားနည်းလမ်းများ အသုံးပြုအပြစ်ပေးခြင်းအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် ပြစ်ဒဏ်ပေးခြင်း (သို့မဟုတ်)ပြန်လည် ပြုစုပျိုးထောင်ရေးအတွက် လိုအပ်ချက်များအား လျော့ပါးထိခိုက်စေခြင်းမရှိပဲ အကျဉ်းထောင်လူဦးရေများစွာ လျော့ချနိုင်စေရေးအတွက် အစိုးရကိုအခွင့်အလမ်းဖြစ်စေပါသည်။

## ပြည်တွင်းဥပဒေ

အကျဉ်းထောင်လူဦးရေထူထပ်ခြင်းအား စီမံခန့်ခွဲရန်နှင့် တုန့်ပြန်ဆောင်ရွက်ရန် ပြည်တွင်းဥပဒေတွင် ပြဋ္ဌာန်းချက်များပါရှိသော်လည်း၊ အရင်းခံပြဿနာဖြစ်သော အကျဉ်းထောင်လူဦးရေထူထပ်ခြင်းနှင့်တကွ ၎င်းနှင့်ဆက်စပ်ဖြစ်ပေါ်လာသော လူ့အခွင့်အရေး ချိုးဖောက်မှုများအား ဖြေရှင်းနိုင်ခြင်းမရှိသည့်အပြင် ကောင်းမွန်စွာ ကိုင်တွယ်နိုင်ခြင်းလည်း မရှိသေးပေ။ ဥပမာအားဖြင့် မြန်မာနိုင်ငံအကျဉ်းထောင်လက်စွဲ (၁၉၆၉) အခန်း(၃) အပိုဒ်(၁၇)တွင် အကျဉ်းထောင် လူဦးရေထူထပ်ခြင်းသည်ဘေးကင်းလုံခြုံမှု မရှိစေရုံသာမက၊ အကျဉ်းသားများနှင့် အကျဉ်းထောင်ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် စီမံခန့်ခွဲရေးများကိုပါ ထိခိုက်နစ်နာစေသည်ဟု ရှင်းလင်းစွာ အသိအမှတ်ပြုဖော်ပြထားပြီး၊ "အကျဉ်းသားများ ခိုလှုံနေထိုင်ရေးနှင့် လုံခြုံစွာထိန်းသိမ်းထားနိုင်သည့် ယာယီအကျဉ်းထောင်များ ကြိုတင်စီမံဖန်တီးထားရမည်" ဟုလည်း ဖြေရှင်းနည်းတစ်ရပ်အား ရေးသားဖော်ပြထားပါသည်။ မည်သို့ပင်ဖြစ်စေ ဤ လုပ်ဆောင်ချက်သည် အကျဉ်းထောင်လူဦးရေ ထူထပ်ခြင်းအားလျော့ချရေးအတွက် ငွေကြေးကုန်ကျမှုများ

33. Recent Development in Probation and Non-Custodial Measures in Myanmar, ASEAN Plus Three Conference on Probation and Non-Custodial Measures, 2013

ပြီး၊ ထိရောက်မှုမရှိသော ရေတိုနည်းလမ်းတစ်ခုသာဖြစ်ပါသည်။ အကျဉ်းထောင်တွင်း လူ့အခွင့်အရေးချိုးဖောက်မှုများအား လျော့ချနိုင်ရန် ပြည်တွင်းတည်ဆဲဥပဒေများအား အကျဉ်းထောင်လူဦးရေ ထူထပ် ခြင်းဖြစ်ပွားစေသည့် ကနဦးအခြေအနေတွင်ပင်၊ ကာကွယ်တားဆီးနိုင်သည့် စီမံချက်နှင့်ပြုပြင်ပြောင်းလဲမှုများပါဝင်သော ပြင်ဆင်ချက်များကို နိုင်ငံတကာ စံချိန်၊ စံနှုန်းများနှင့် အညီပြုလုပ်ရန်အရေးတကြီးလိုအပ်နေပါသည်။ မြန်မာနိုင်ငံ၏ ပြည်တွင်းဥပဒေအတော်များများသည် လွန်စွာခေတ်နောက်ကျနေပြီး၊ ပြောင်းလဲနေသော မြန်မာ့လူ့အဖွဲ့အစည်း၏ သဘာဝနှင့် ကိုက်ညီစေရန်အတွက်ခေတ်နှင့် အညီပြုပြင်ပြောင်းလဲရန် အလွန်ပင်လိုအပ်နေသည့်အပြင်၊ ဥပဒေများသည် ပြည့်စုံ၊ ထိရောက်မှုရှိပြီး၊ လေးစားလိုက်နာမှုရှိစေရန်လည်း ထည့်သွင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ အရပ်သားအစိုးရပေါ်ထွန်းလာသည်နှင့်အမျှ ရရှိလာသော အခွင့်အရေးကောင်းကို လက်လွတ်မခံပဲ လိုအပ်နေသော ပြုပြင်ပြောင်းလဲမှုများအား အကောင်အထည်ဖော်ဆောင်ရွက်ပြီး အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်ကြီးအတွက် ခိုင်မာသော အခြေခံအုတ်မြစ်ချရမည် ဖြစ်ပါ သည်။

မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်တွင် ကျင့်သုံးနေသော ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေအား (၁၈၉၈)ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ရာ၊ ၎င်းဥပဒေမှာ လွန်စွာခေတ်နောက်ကျနေပြီး၊ ပြုပြင်ပြောင်းလဲရန်အရေးတကြီး လိုအပ်နေပါသည်။ ခေတ်နောက်ကျနေပြီဖြစ်သော ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေသည် ဥပဒေအသစ်များရေးဆွဲခြင်းအတွက် လိုအပ်သောအချက်အလက်များအား၊ တိတိကျကျ၊ ခိုင်ခိုင်မာမာ အထောက်အပံ့ပေးနိုင်ခြင်းမရှိတော့ပဲ၊ ပေါ်ထွက်လာသောဥပဒေအသစ်များအား ခိုင်လုံတိကျမှုမရှိ ဝေဝါးစေပြီး၊ လိုအပ်သလို တစ်ဖက်သတ် အဓိပ္ပါယ်ဖွင့်ဆိုနိုင်ရန်အတွက် လမ်းဖွင့်ပေးထားသကဲ့သို့ ဖြစ်နေပါသည်။ ဥပမာအားဖြင့် (၂၀၁၃)ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ဆက်သွယ်ရေးဥပဒေသည်၊ (၂၀၁၇)ခုနှစ်တွင် ပြင်ဆင်ခြင်းမပြုခင်အချိန်အထိတွင်၊ အာမခံရယူနိုင်ခွင့် မပေးထားသောကြောင့်၊ ပုဒ်မ(၆၆/ဃ)အရ အသရေဖျက်မှုဖြင့် တရားစွဲဆိုခံရသောသူများအား တရားစီရင်ရေးမှ အာမခံငြင်းပယ်ခွင့် အကန့်အသတ်



ထောင်တွင်းစိုက်ခင်း

မရှိပေးထားသကဲ့သို့ဖြစ်နေခဲ့ပြီး၊ အချို့အမှုများတွင် တရားစွဲဆိုခံရသူသည် ပြင်းထန်ဆိုးရွားပြီး၊အသက်အန္တရာယ်ထိခိုက်နိုင်သည့် ကျန်းမာရေးအခြေအနေနှင့် ကြုံနေရသည့်တိုင် အာမခံမရခဲ့ပေ။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းမှ ထိုကဲ့သို့သော အမှုပေါင်းများစွာကို မှတ်တမ်းတင်ခဲ့ပြီးဖြစ်ပါသည်။[၃၄] အလားတူပင် ပိုမိုရှေးကျသည့် ဥပဒေတစ်ခု ဖြစ်သော (၁၈၆၁)ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ရာဇသတ်ကြီးဥပဒေ ပုဒ်မ(၅၀၀)အရ အသရေဖျက်မှုမြောက်သောပြစ်မှုသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေဇယား(၂)အရ အာမခံပေးနိုင်သောပြစ်မှုအဖြစ် ထည့်သွင်းဖွင့်ဆိုထားပါသည်။ အသရေဖျက်မှုများသည် ရာဇသတ်ကြီးဥပဒေအောက်တွင် အာမခံအမြဲတမ်းရယူ နိုင်သောပြစ်မှုမျိုးမဟုတ်သော်လည်း၊ တိကျသေချာသော ဥပဒေပြဋ္ဌာန်းမှုများသည် လိုရာဆွဲတစ်ဖက်သတ် အဓိပ္ပာယ်ဖွင့်ဆိုနိုင်မှုအားလျော့နည်းစေပြီး၊ ပြည်သူများအား တရားဥပဒေအရ ပိုမိုကောင်းမွန်စွာ အကာအကွယ်ပေးထားပါသည်။ အာမခံပေးခြင်းနှင့်ပတ်သတ်သော ပြည်တွင်းတည်ဆဲဥပဒေများသည် ပြည့်စုံလုံလောက်မှုမရှိရုံသာမက၊ တစ်သမတ်တည်း ကျင့်သုံးခြင်းလည်းမရှိပေ။ ဥပဒေအများစုသည် အလွန်ပင်မရေမရာဖြင့် အဓိပ္ပာယ်နှစ်ခွဖြစ်နေပြီး၊ ခေတ်နောက်ကျနေသည် သာမက၊ ရှေ့နောက်မညီညွတ်သည့်ဘက်လိုက် သောဆုံးဖြတ်ချက်များ ချမှတ်နိုင်ခွင့်အားပေးအပ်ထားပါသည်။ ဖော်ပြပါအကြောင်းအချက်များသည် တရားရေးစနစ်အား ပြုပြင်ပြောင်းလဲရန် လိုအပ်နေကြောင်း မီးမောင်းထိုးပြနေသည့်အပြင်၊ ပြည့်စုံကုံလုံ မှုမရှိသည့်လက်ရှိပြဋ္ဌာန်းချက်များကို ပိုမိုအားကောင်းလာစေရန်အတွက် နိုင်ငံတကာဥပဒေများအား အမြန်ဆုံး အတည်ပြုလက်မှတ်ရေးထိုးရန်လိုအပ်ကြောင်းလည်း ထင်ရှား ပေါ်ပေါက်စေပါသည်။

အကျဉ်းထောင်စနစ်တစ်ခုလုံးအား ကျယ်ကျယ်ပြန့်ပြန့် ပြုပြင်ပြောင်းလဲခြင်းနှင့် အားလုံးပါဝင်ပူးပေါင်းဆောင်ရွက်မှုတို့မရှိပါက အကျဉ်းထောင်တွင်းလူဦးရေထူထပ်နေခြင်း ပြဿနာအားလုံလောက်စွာကိုင်တွယ်ဖြေရှင်းနိုင်မည် မဟုတ်ပေ။ မြန်မာနိုင်ငံတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့အကြား ပိုမိုအားကောင်းသော အာဏာခွဲဝေခြင်းတစ်ရပ် ပေါ်ပေါက်လာစေရန်နှင့် လွတ်လပ်သောတရားစီရင်ရေးစနစ်အဖြစ် မြှင့်တင်နိုင်ရန်အတွက် ဖွဲ့စည်းတည်ဆောက်ပုံပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးတစ်ရပ် အရေးတကြီး လိုအပ်နေပါသည်။ အချုပ်အခြာအာဏာ မဏ္ဍိုင်သုံးရပ်ကြား အာဏာခွဲဝေခြင်းကို (၂၀၀၈)ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အလေးထားထည့်သွင်း ဖော်ပြထားပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) အပိုဒ်(၁၁၊က)တွင် "နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့်ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့်၊ အချင်းချင်းပြန်လည်ထိန်းကျောင်းခြင်းတို့ပြုသည်"၊ အခန်း(၁) အပိုဒ် (၁၉၊က)တွင် တရားစီရင်ရေးအခန်းကဏ္ဍအဖြစ် "ဥပဒေနှင့်အညီလွပ်လပ်စွာတရားစီရင်ရေး" ဟုဖော်ပြပါရှိပါသည်။ အလားတူပင် ပြည်ထောင်စု တရားစီရင်ရေးဥပဒေ (၂၀၁၀) အခန်း(၂)တွင် တရားစီရင်ရေးဆိုင်ရာ အခြေခံမူမှာ "ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်၍ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေး တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေရေး" နှင့် "ဥပဒေကို ပြည်သူများကနားလည်လိုက်

34. RE.g. see November 2016 - January 2017 Chronologies for cases of Eleven Media's Than Htut Aung and Wai Phyo and the NLD's Myo Yan Naung Thein

နာကျင့်သုံးလာစေရန် ပညာပေးရေးနှင့် ပြည်သူများက ဥပဒေကို လိုက်နာသော အလေ့အကျင့် ပျိုးထောင်ပေးရေး" ဟုဖေါ်ပြထားပါသည်။ ဤအခြေခံမူများမှာ ပြည်တွင်းဥပဒေများတွင် လိုက်နာကျင့်သုံးရန်ထည့်သွင်းပြဌာန်းထားသော်လည်း၊ လက်တွေ့လုပ်ဆောင်ချက်များနှင့် ဤအခြေခံမူ များကြားတွင်ကြီးမားသော ကွာဟချက်ရှိနေပါသည်။[၃၅] မြန်မာနိုင်ငံတွင် ထိရောက်သော အာဏာခွဲဝေကျင့်သုံးခြင်းမရှိပေ။ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အုပ်ချုပ်ရေးမဏ္ဍိုင်တို့၏ ကြီးမားလှသော အာဏာနှင့် လုပ်ပိုင်ခွင့်များသည် တရားရေးမဏ္ဍိုင်အတွက် မျှတသော တရားစီရင်ရေးအဖြစ် စီမံခန့်ခွဲနိုင်ရန် လိုအပ်သော အမီအခိုကင်း၊ လွတ်လပ်မှုအားရရှိခံစား နိုင်စေခြင်းမရှိပေ။[၃၆] လွတ်လပ် သောတရားစီရင်ရေး အခန်းကသည် ကောင်းမွန်စွာ လည်ပတ်ရှင်သန်နေသော ဒီမိုကရေစီစနစ်အတွက် အစိုးရ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်တို့အား ပိုင်းခြားသတ်မှတ်ထားရန်နှင့် အာဏာအလွဲသုံးစားလုပ်မှုအား ကာကွယ်ရန်တို့အတွက် အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ် ပါသည်။

၂၀၁၃၊ဇွန်လတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ နိုင်ငံတကာ နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (ICCPR) နှင့် နိုင်ငံတကာ စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ သဘောတူစာချုပ် (ICESCR)တို့အား အတည်ပြုလက်မှတ်ရေးထိုးပါရန်အစိုးရအားတိုက်တွန်းခဲ့သော်လည်း၊ လေးနှစ်အကြာ (၂၀၁၅)ခုနှစ်တွင် နိုင်ငံတကာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ သဘောတူစာချုပ်အား လက်မှတ်ရေးထိုးခြင်းနှင့် (၂၀၁၇)ခုနှစ်တွင်အတည်ပြုလက်မှတ်ရေးထိုးခြင်းမှတပါး အစိုးရအနေဖြင့် ရှေ့ဆက်လုပ်ဆောင်နိုင်ခြင်းမရှိသေးပေ။[၃၇] မြန်မာနိုင်ငံအကျဉ်းထောင်များအတွင်း ဆက်လက်ဖြစ်ပွားနေသော လူ့အခွင့်အရေး ချိုးဖေါက်မှုများနှင့် လက်ရှိအကျဉ်းထောင်စနစ် အခြေအနေသည် ထိုနောင့်နှေးကြန့်ကြာမှုအား ထင်ဟပ်လျက်ရှိပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စု တရားစီရင်ရေးဆိုင်ရာ ဥပဒေ၊ အကျဉ်းထောင်က်စွဲနှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေများတွင် ပြဋ္ဌာန်းချက်များဖော်ပြပါရှိပြီး၊ လက်တွေ့ကျင့်သုံးမှု အားနည်းခြင်းတို့သည် နိုင်ငံတကာဥပဒေများအား အတည်ပြုလက်မှတ်ရေးထိုးခြင်းနှင့် ၎င်းဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်းတို့ဖြင့်ပြည်တွင်းဥပဒေများအား ပိုမိုအားကောင်းလာစေရေးဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း မီးမောင်းထိုးပြနေပါသည်။ နိုင်ငံတကာဥပဒေများသည် တာဝန်ယူ၊ တာဝန်ခံမှု၏ အရေးကြီးသောစနစ်များနှင့်အထောက်အပံ့ဖြစ် စေသော လုပ်ထုံးလုပ်နည်းများ၊ တည်ဆဲဥပဒေများအား ဖြည့်စွက်ပြည့်စုံစေခြင်းဖြင့်တရားမျှတမှုရရှိစေရေး စသည်တို့အား သတ်မှတ်ပြဌာန်းပေးထားပါသည်။ ထို့အပြင် ကျယ်ကျယ် ပြန့်ပြန့်ဖြစ်ပွားနေသော လူ့အခွင့်အရေးချိုးဖေါက်မှုများ ချုပ်ငြိမ်းသည့် မြန်မာ့ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းတစ်ခုအဖြစ် လျင်မြန်စွာ အသွင်ကူးပြောင်းနိုင်ရေးအတွက်လည်း အကူအညီ အထောက်အပံ့ဖြစ်စေပါမည်။ နိုင်ငံတကာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (ICCPR)၊ ညှင်းပန်းနှိပ်စက်မှုနှင့် အခြားရက်စက်၍ လူမဆန်သော သို့မဟုတ် လူ့ဂုဏ်သိက္ခာကျဆင်းစေသော ဆက်ဆံမှုသို့မဟုတ် ပြစ်ဒဏ်ပေးမှုဆန့်ကျင်ရေး နိုင်ငံတကာသဘောတူစာချုပ် (UNCAT) နှင့် ၎င်းတို့နောက်

35. The 2008 Constitution: Analysis and Assessment, Burma Library, 2008
36. Ibid. (39)
37. Transforming the Culture of Human Rights in Myanmar, Human Rights Watch, 2013

ဆက်တွဲစာချုပ်များအား ချက်ချင်းအတည်ပြု လက်မှတ်ရေးထိုးခြင်းနှင့် အကျဉ်းသားများအပေါ် ဆက်ဆံရေးဆိုင်ရာ အနိမ့်ဆုံးစံချိန်၊ စံနှုန်းများ (SMRs) နှင့်အညီအကျဉ်းထောင် စနစ်ပြုပြင်ပြောင်းလဲရေးအား အရေးတကြီး လုပ်ဆောင်ခြင်းတို့သည် ၎င်းစာချုပ်ပါ အခွင့်အရေးတို့အားပြည်တွင်း ဥပဒေများအတွင်း ဖြည့်စွက်ထည့်သွင်းရေးနှင့် အစိုးရမှအကောင် အထည်အဖော်ဆောင်ရွက်နိုင်ရန်အတွက် အကူအညီဖြစ်စေသည့် လုပ်ထုံးလုပ်နည်းများ တည်ဆောက်နိုင်ရန်အတွက် အဓိကကျသောခြေလှမ်းတစ်ရပ်ဖြစ်ပါမည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရအနေဖြင့် တိုင်းပြည်၏ လူ့အခွင့်အရေးအခြေအနေများအား လက်ရှိကာလနှင့် အနာဂတ်တွင်ပါ တိုးတက်စေရေးနှင့် အကျပ်အတည်းဖြစ်နေသော မြန်မာ့ဒီမိုကရေစီအကူးအပြောင်းအတွက် အလေးထားလုပ်ဆောင်နေကြောင်းကို နိုင်ငံတကာသဘောတူစာချုပ်များအား အတည်ပြုလက်မှတ်ရေး ထိုးခြင်းအားဖြင့် နိုင်ငံတကာ အသိုင်းအဝန်းသို့ အားကောင်း၊ ခိုင်မာသော အချက်ပြမှုတစ်ခု ဖြစ်စေပါ သည်။

# အကျဉ်းထောင်လူဦးရေထူထပ်ခြင်းနှင့် ပတ်သက်ပြီး ဖြေရှင်းခဲ့ပြီးနှင့် ဖြေရှင်းနေဆဲ နိုင်ငံများ

ဤကဏ္ဍတွင် အခြားနိုင်ငံများ၌ အကျဉ်းထောင်လူဦးရေထူထပ်ခြင်းကို လျော့ချရန်အသုံးပြုခဲ့ပြီးသော နည်းလမ်းများနှင့်ပက်သက်သည့် ဥပမာများကို ဖော်ပြထားပါသည်။ ဖော်ပြပါဥပမာများသည် မလိုအပ်သည့် အကျဉ်းချထားမှုကြောင့် ဖြစ်ပေါ်လာသော တိုင်းပြည်ဘဏ္ဍာရေးနှင့်လူမှုရေး နှစ်မျိုးစလုံး၏ကြီးမားသောကုန်ကျစရိတ်များအား ကိုင်တွယ်ဖြေရှင်းရန် ကမ္ဘာတစ်ဝှမ်းရှိ အစိုးရအဖွဲ့များဆောင်ရွက်ပြီးခဲ့သည့် အောင်မြင်သော နည်းလည်းများဖြစ်ပါသည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းအနေဖြင့် လူ့အခွင့်အရေးအခြေအနေများ ကြီးကြီးမားမား တိုးတက်စေရန်နှင့်အကျဉ်းထောင်တွင်း လူဦးရေထူထပ်ခြင်းအတွက် အခြားနိုင်ငံများမှ ဆောင်ရွက်လျှက်ရှိသော ဖော်ပြပါနည်းလမ်းများအား မြန်မာနိုင်ငံတွင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အလေးအနက်ထား ဖော်ပြအပ်ပါသည်။

## ပညာရေး (အမေရိကန်ပြည်ထောင်စု)

လူတစ်ဦးသည် အကျဉ်းထောင်တွင်းရောက်ရှိ သွားသည်နှင့် တပြိုင်နက် ၎င်းတို့ပြန်လည်လွတ်မြောက်သည့်အခါ လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် အကူအညီ၊ အထောက်အပံ့များမရရှိသည်နှင့်အမျှ၎င်းတို့ကျူးလွန်ခဲ့သောပြစ်မှုများအားပြန်လည်ကျူးလွန်နိုင်ခြေများစွာရှိပါသည်။[၃၈]

38. Education Reduces Recidivism, Loyola University Chicago School of Law, Education Law and Policy, 2015

> " အသေးစား မှုးယစ်ဆေးဝါးမှုများ ကျူးလွန်သည့် အုပ်စုမှာ ခံဝန်ချုပ်ဖြင့်လွှတ်ပေးခြင်း၏ ကြီးမားသော အကျိုးကျေးဇူးအား ရရှိခံစားရသော အုပ်စုတစ်ခု ဖြစ်ပါသည်။ "

အကျဉ်းထောင်များအတွင်း ပညာရေးအစီအမံများ ထားရှိပေးခြင်းသည် ၎င်းတို့ပြစ်မှုပြန်လည်ကျူးလွန်နိုင်ခြေအား လျော့ချပေးရေးအတွက် အရေးပါသောနည်းလမ်း တစ်ခုဖြစ်ပြီး၊ နိုင်ငံတကာစီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ သဘောတူစာချုပ်အပိုဒ် (၁၃/၁) ပါ လူတိုင်းပညာသင်ကြားခွင့်အား အသိအမှတ်ပြုခြင်းလည်းဖြစ်ပါသည်။ ပညာရေးသည် ပြစ်မှုကျူးလွန်သူများအတွက် ၎င်းတို့လွတ်မြောက်သည့် အချိန်တွင်ပြစ်မှုပြန်လည်ကျူးလွန်ခြင်းအစားအခြားသောလမ်းကြောင်းများ ဖန်တီးပေးခြင်းနှင့်၊ လူ့အဖွဲ့အစည်းအတွင်းကောင်းမွန်စွာပြန်လည်ဝင်ဆံ့ နိုင်ရေးအတွက် အလားအလာကောင်းများ တိုးမြင့်စေရေးတို့တွင်အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။[၃၉] အမေရိကန် ပြည်ထောင်စုတွင် အကျဉ်းထောင်များအတွင်း၌ ပညာရေးအစီအမံများ ထားရှိပေးခြင်းဖြင့် ပြစ်မှုပြန်လည်ကျူးလွန်သည့်နှုန်းမှာ (၅၀)ရာခိုင်နှုန်းမှ (၁၃) ရာခိုင်နှုန်းသို့ လျော့ကျသွားကြောင်း တွေ့ရှိရပါသည်။[၄၀] ပြစ်မှုကျူးလွန်သူများ လူ့အဖွဲ့အစည်းအတွင်းသို့ကောင်းမွန်ထိရောက်စွာပြန်လည်ဝင်ဆံ့နိုင်ရေးနည်းလမ်းများအားလက်ခံအကောင်အထည်ဖော်ခြင်းသည်အကျဉ်းထောင်လူဦးရေလျော့ချရေးနှင့် အကျဉ်းထောင်မှလွတ်မြောက်သည့်အခါ လူ့အဖွဲ့အစည်းအတွင်းသို့ ကောင်းမွန်စွာ ပြန်လည်ဝင်ရောက် နိုင်ရေးတို့အတွက် အကုန်အကျအသက်သာဆုံးနှင့် အကောင်းဆုံး နည်းလမ်းဖြစ်ပါသည်။[၄၁] တစ်ဦးချင်းဝင်ငွေ နိမ့်ပါးသော နိုင်ငံများဆင်းရဲမွဲတေမှု၊ လူမှုလူ့အဖွဲ့အစည်းမှ ဘေးဖယ်ခံရခြင်း၊ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများအားနည်းခြင်း စသည့်အရင်းခံ အကြောင်းတရားများသည် ရာဇဝတ်မှုများ ပိုမိုဖြစ်ပေါ်စေပြီး၊ အကျဉ်းသားများအကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာချိန်တွင်ထိုကိစ္စရပ်များအားရင်ဆိုင်ရသည့်အခါ၎င်းတို့အတွက်ပိုမိုဆိုးရွားသွားစေပါသည်။[၄၂] ထို့ကြောင့် အကျဉ်းထောင်များအတွင်း ပညာရေးအစီအမံများပြုလုပ်ပေးခြင်းသည် အမှန်တကယ်အရေးပါသော အခြင်းအရာဖြစ်ပြီး၊ လူ့အဖွဲ့အစည်းတစ်ခုလုံးအား အကျိုးကျေးဇူးရှိစေပါသည်။ အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းထွန်းစိုးမှ "မြန်မာနိုင်ငံရှိအကျဉ်းထောင် (၄၆)ခု အနက်ဗဟိုအကျဉ်းထောင် (၃)ခု တွင်သာ သူငယ်တန်းမှ ဆယ်တန်းအထိ စာပေသင်ကြားရေးကို အကောင်အထည်ဖော်

38. Education Reduces Recidivism, Loyola University Chicago School of Law, Education Law and Policy, 2015
39. Education Reduces Recidivism, 2015
40. Ibid. (38)
41. Introductory Handbook on the Prevention of Recidivism and the Social Reintegration of Offenders, United Nations Office on Drugs and Crime, Criminal Justice Handbook Series, 2012
42. Ibid. (40)

နိုင်ကြောင်း” မော်ကွန်းမဂ္ဂဇင်းနှင့် တွေ့ဆုံမေးမြန်းမှုတွင် ပြောကြားထားပါသည်။[၄၃] ဤ ကဲ့ သို့ပညာရေး အခွင့်အလမ်းများနည်းပါးနေခြင်းသည် ပြစ်မှုများပြန်လည် ကျူးလွန်နိုင်ခြေအား မြင့်မားစေပြီး၊ အကျဉ်းထောင် လူဦးရေထူထပ် စေသည့်အပြင်၊ မြန်မာနိုင်ငံအတွင်း ဆင်းရဲမွဲတေမှု သံသရာအား ဆက်လက် လည်ပတ် နေစေမည် ဖြစ်ပါ သည်။

မြန်မာနိုင်ငံအကျဉ်းထောင်အချို့တွင် ပညာဆက်လက်သင်ယူနိုင်ရန် စီစဉ်ဖန်တီးပေးထားမှုအား ကောင်းမွန်သော တိုးတက်မှုတစ်ခုအဖြစ် အသိအမှတ်ပြု၊ ချီးကျူးဂုဏ်ပြုရမည်ဖြစ်ပါသည်။ မကြာသေးခင်ကာလများတွင် အကျဉ်းသားအချို့မှာ တက္ကသိုလ်ဝင်ခွင့် စာမေးပွဲဝင်ရောက်ဖြေဆိုအောင်မြင်ခဲ့ပြီး၊ လွတ်ငြိမ်းချမ်းသာခွင့် ရရှိခံစားခဲ့ကြပါသည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းအနေဖြင့် ဤကဲ့သို့ ပညာရေးအစီအမံများ ဖန်တီးပေးမှုအပေါ် အသိအမှတ်ပြုချီးကျူးဂုဏ်ပြုပါသည်။ ထို့အပြင် ပညာရေးအစီအမံများအား ဆက်လက်အကောင်အထည်ဖော်ကာ ယခုထက်ပိုမိုတိုးမြှင့်ဖန်တီးပေးနိုင်ပါရန် မျှော်လင့်ပါသည်။ ၂၀၁၇ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအား ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် အကျဉ်းကျကျောင်းသား (၇)ဦးမှာ နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ရရှိခဲ့ကြပါသည်။[၄၄] ၂၀၁၈ခုနှစ်တွင် အင်းစိန်အကျဉ်းထောင်၊ အိုးဘိုအကျဉ်းထောင်၊ ဘားအံအကျဉ်းထောင်နှင့်မြိတ်အကျဉ်းထောင်များမှ အကျဉ်းကျကျောင်းသား၊ကျောင်းသူ (၁၀၆)ဦးတက္ကသိုလ်ဝင်တန်းအား ဝင်ရောက်ဖြေဆိုခဲ့ကြပြီး၊[၄၅] (၃၃)ဦး အောင်မြင်ခဲ့ကာ လွတ်ငြိမ်းချမ်းသာခွင့်များအသီးသီးရရှိခံစားခဲ့ကြပါသည်။ ထိုသို့ အောင်မြင်ခဲ့ကြသည့် အကျဉ်းကျ ကျောင်းသားများထဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ပြီး၊ အကျဉ်းကျနှစ် (၁)နှစ်အောက်ကျခံနေရသူများမှာ ချက်ချင်းလွတ်မြောက်ခွင့်ရရှိကာ၊ ဂုဏ်ထူး (၂)ဘာသာရရှိပြီး အကျဉ်းကျနှစ် (၁)နှစ် အထက်ကျခံနေရသူများကို ပြစ်ဒဏ်မှ ထက်ဝက်လျှော့ပေးခဲ့ပါသည်။ ဂုဏ်ထူးမရရှိပဲ ရိုးရိုးအောင်မြင်ခဲ့ကြသည့် အကျဉ်းကျကျောင်းသား၊ ကျောင်းသူများမှာ ပြစ်ဒဏ်၏ (၄)ပုံ (၁)ပုံ လျှော့ပေါ့ ခံစားခွင့် ရရှိခဲ့ကြပါသည်။[၄၆] ဤဆောင်ရွက်ချက်သည် အကျဉ်းသားလူဦးရေ လျှော့ချရေးနှင့် အကျဉ်းထောင်အတွင်း ပညာရေးအစီအမံများ မြှင့်တင်ရေးတို့အတွက် အရေးပါသော ခြေလှမ်းတစ်ရပ် ဖြစ်ပါသည်။

## ခံဝန်ချုပ်ဖြင့် လွှတ်ခြင်း (ပါကစ္စတန်နိုင်ငံ)

ခံဝန်ချုပ်ဖြင့် လွှတ်ပေးခြင်းသည် အကျဉ်းသားဦးရေ လျှော့ချနိုင်ရေးအတွက်သာမကလူ့အဖွဲ့အစည်းအတွက်ပါ အကျိုးရှိစေသည့် စနစ်တစ်ခု ဖြစ်ပါသည်။ ခံဝန်ချုပ်ဖြင့် လွှတ်ပေးခြင်းသည် လူမှုရေးလုပ်ငန်းများလုပ်ဆောင်စေခြင်းမှတဆင့်ပြစ်မှုပြန်လည်ကျူးလွန်နိုင်သည့်အခြေအနေများအားလျှော့ကျ

43. Interview with Min HtunSoe, Mawkun, 2017
44. Inmates who passed matriculation exam with distinctions granted amnesty, released from jail Coconuts Yangon, 2017
45. More than 100 Prisoners to Sit Matriculation Exam This Year Irrawaddy, 2018
46. President U Win Myint amnesties inmates who passed matriculation examination Myanmar Times, 2018

စေခြင်း၊ လူ့အဖွဲ့အစည်းအတွင်း အကျိုးရှိစေသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်စွမ်းများ ရရှိစေခြင်း စသည်တို့အပါအဝင် များစွာသော အကျိုးကျေးဇူးများ ရရှိစေနိုင်ကြောင်း ပြစ်ဒဏ်ပေးခြင်းဆိုင် ရာစနစ် ပြုပြင်ပြောင်းလဲရေးနိုင်ငံတကာအဖွဲ့ (Penal Reform International) မှလေ့လာတွေ့ရှိထားသည်။[၄၇] ကင်ညာနိုင်ငံတွင် အကျဉ်းချခြင်းအစား အခမဲ့ ရပ်ရွာအကျိုးပြုလုပ်ငန်းများ လုပ်ဆောင်စေသည့် လူမှုရေးလုပ်ငန်းများလုပ်ဆောင်စေသော အမိန့်များဖြင့် ခံဝန်ချုပ်ဖြင့်လွှတ်ခြင်းစနစ်အား အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။[၄၈] ခံဝန်ချုပ်ဖြင့် လွှတ်ပေးခြင်းခံရသူများသည် ၎င်းတို့ ထောင်ဒဏ်ကျခံရမှု အဆင့်အား လျော့ကျစေသည့်အပြင်၊ ဝင်ငွေလဲရရှိကာ ၎င်းတို့၏ ပတ်ဝန်းကျင်အသိုင်းအဝန်းနှင့် ထိစပ်၊ ချိတ်ဆက်မှုရှိနေကြောင်း၊ ထို့အပြင် ထွက်ပြေးသည့်ဖြစ်စဉ်မှာလည်း လွန်စွာနည်းပါးကြောင်းလေ့လာ ချက်များမှ တွေ့ရှိရ ပါသည်။ [၄၉]

ပါကစ္စတန်နိုင်ငံတွင် စည်းကမ်းလိုက်နာမှုကောင်းမွန်သော အကျဉ်းသားများအား ပြစ်ဒဏ်မှ ဆိုင်းငံ့ခွင့်ပြုပြီး၊ သတ်မှတ်ထားသော အခြေအနေတစ်ခုအောက်တွင် ခံဝန်ဖြင့်လွှတ်ပေးရန်အတွက် တရားရုံးများအား ခွင့်ပြုပေးသည့် စနစ်အား ကျင့်သုံးအကောင်အထည်ဖော်ရာ အလွန်ပင်အောင်မြင်မှု ရရှိခဲ့ပါသည်။ ကနဦးတွင် လူ့အဖွဲ့အစည်းနှင့် ရဲတပ်ဖွဲ့မှ ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ကြသော်လည်း ပြစ်မှုကျူးလွန်သူများအား စနစ်တကျဖြင့် စေ့စေ့စပ်စပ်ရွေးချယ်၍ ခံဝန်ချုပ်ဖြင့် လွှတ်ပေးခဲ့ရာ ပထမအကြိမ်ပြစ်မှုကျူးလွန်သူများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များတွင် ထောင်သွင်းအကျဉ်းချထားရန် မလိုအပ်ပဲ သိသာထင်ရှားသော ကောင်းမွန်သည့် သက်ရောက်မှုများ ရရှိခဲ့ပါသည်။[၅၀]

အသေးစား မူးယစ်ဆေးဝါးမှုများ ကျူးလွန်သည့် အုပ်စုမှာ ခံဝန်ချုပ်ဖြင့်လွှတ်ပေးခြင်းကြီးမားသော အကျိုးကျေးဇူးအား ရရှိခံစားရသော အုပ်စုတစ်ခုဖြစ်ပါသည်။ ပြန်လည်ပြုစုပျိုးထောင်ရေးအစီအမံများပြုလုပ်ပေးခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုအပေါ် စိတ်ပိုင်းဆိုင်ရာပြန်လည်မြှင့်တင်ရေးနှင့် ကုသမှုပိုင်းများ လုပ်ဆောင်ရန် အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် ခံဝန်ချုပ်ဖြင့်လွှတ်ပေးရန် အခြေအနေများ ဖေါ်ဆောင်ပေးနိုင်ခဲ့ပါသည်။ ခံဝန်ချုပ်ဖြင့်လွှတ်ပေးခြင်းအတွက် လိုအပ်သည့်သတ်မှတ်ချက်များအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေတွင် ဖြည့်စွက်ထည့်သွင်းပေးခြင်းဖြင့် ခံဝန်ချုပ်ဖြင့်လွှတ်ပေးခြင်းသည် ထောင်သွင်းအကျဉ်းချခြင်းထက် ပိုမိုအကျိုးများစေမည့် အခြားသော ရွေးချယ်စရာနည်းလမ်းတစ်ခုဖြစ်လာခဲ့ပါသည်။ ဥပမာအားဖြင့် မူးယစ်ဆေးဝါးနှင့်ပတ်သတ်ပြီး စိတ်ပိုင်းဆိုင်ရာပြန်လည်မြှင့်တင်ရေးအတွက် နစ်သိမ့်ဆွေးနွေးသည့် အစီအစဉ်များ ရယူလုပ်ဆောင်ရန် ညွှန်ကြားချက်အားခံဝန်ချုပ်တွင် ထည့်သွင်းခြင်းဖြင့် အကြိမ်ရေနည်းပါးပြီး၊ အသေးစား မူးယစ်ဆေးဝါးမှုများ ကျူးလွန်သည့်သူများအား ၎င်းတို့၏ အမူအကျင့်၊ စိတ်နေစိတ်ထားများအား ကိုင်တွယ်၊ ဖြေရှင်းရန် အခွင့်အလမ်းများ ဖန်တီးပေးပြီး၊ အကျဉ်းထောင်အတွင်း ရောက်ရှိရန်မလိုပဲ ၎င်းတို့၏ ကျန်းမာရေးအား မြှင့်တင်နိုင်မည်ဖြစ်ပါသည်။

47. On probation: models of good practice for alternatives to prison, Penal Reform International 2016
48. A Second Chance - Alternatives to Imprisonment and the Social Reintegration of Offenders In Kenya. Dandurand, Yvon. (2012).
49. Community service and probation for women A study in Kenya, Penal Reform International, Kenya Probation and Aftercare Service, 2016
50. The History and Development of Probation Service in Pakistan and in Khyber Pakhtunkhwa, Pakistan Journal of Criminology, 2013

အမေရိကန်နိုင်ငံတွင် မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် အကျဉ်းထောင် လူဦးရေထူထပ်ခြင်း ဆက်စပ်နေမှုသည်လည်း စိုးရိမ်ဖွယ်ကောင်းသော ပြဿနာတစ်ခုဖြစ်ပါသည်။ တိုင်းပြည်၏အရေးကြီးသော အရင်းအမြစ်များအား ထောင်သွင်းအကျဉ်းချထားခြင်းမှ သုံးစွဲနေခြင်းကြောင့်၊ အရက်နှင့်မူးယစ်ဆေးဝါးပြဿနာများနှင့် စိတ်ကျန်းမာရေးအခြေအနေတို့အား ကိုင်တွယ်ဖြေရှင်းရန် ရင်းနှီးမြုပ်နှံခြင်းဖြင့် အကျဉ်းထောင်လူ ဦးရေလျော့ချရေး ရည်ရွယ်လုပ်ဆောင်ရန် ကယ်လီဖိုးနီးယား အထက်လွှတ်တော်မှ လွှတ်တော်၏ကတိကဝတ်အဖြစ်ဖော်ပြထားပါသည်။[၅၁] မြန်မာနိုင်ငံတွင် အကျဉ်းထောင်လူဦးရေ၏ (၅၀)ရာခိုင်နှုန်းသည် မူးယစ်ဆေးဝါးအမှုများနှင့် ဆက်စပ်နေသဖြင့် အသေးစား မူးယစ်ဆေးဝါးမှုများနှင့် ကျူးလွန်သည့်အကြိမ်ရေနည်းသော ပြစ်မှုကျူးလွန်သူများအား ခံဝန်ချုပ်ပေးနိုင်သည့် အခြေအနေများ ဖော်ဆောင်ပေးခြင်းသည် မြန်မာနိုင်ငံရှိ အကျဉ်းထောင် လူဦးရေအား သိသာထင်ရှားစွာ လျော့ချနိုင်မည် ဖြစ်ပါသည်။

## ပထမဦးဆုံးအကြိမ် ပြစ်မှုကျူးလွန်သူများ(သို့) ပြစ်မှုကျူးလွန်ခြင်း အကြိမ်ရေနည်းသောသူများအတွက် ထောင်သွင်းအကျဉ်းချခြင်းမဟုတ်သော ပြစ်ဒဏ်ပေးခြင်းစနစ် – (မလေးရှား)

မလေးရှားနိုင်ငံ၏ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ(၂၀၁၂) ပုဒ်မ၁၇၃(က)/၂တွင် တရားသူကြီးများကို ထောင်သွင်းအကျဉ်းချခြင်းမဟုတ်သော ပြစ်ဒဏ်အမျိုးမျိုးအား အောက်ဖော်ပြပါ အခြေအနေများအပေါ် ဆင်ခြင်သုံးသပ်၍ ချမှတ်ပိုင်ခွင့်ပေးအပ်ထားပါသည်။

"အကျင့်စာရိတ္တ၊ မျိုးရိုး၊ အသက်၊ ကျန်းမာရေး သို့မဟုတ် ပြစ်မှုကျူးလွန်သူ၏ စိတ်ကျန်းမာရေး သို့မဟုတ် မပြောပလောက်သောပြစ်မှုများ သို့မဟုတ် ပြစ်မှုကျူးလွန်စေသော အခြေအနေအကြောင်းအရာ"

တရားရုံးအနေဖြင့် အထက်ဖော်ပြပါ အချက်အလက်များအား ထည့်သွင်းစဉ်းစား၍ သေးငယ်သောပြစ်မှုများအား ပုဒ်မ၁၇၃(က)/၂အရ သတိပေးခြင်း သို့မဟုတ် ပြစ်တင်ဆုံးမခြင်းဖြင့် ခြွင်းချက်မရှိလွှတ်ပေးခြင်း လုပ်ဆောင်နိုင်သကဲ့သို့၊ အာမခံထားရှိစေခြင်း၊ ကောင်းမွန်စွာနေထိုင်ရန် ဝန်ခံကတိပြုလက်မှတ်ရေးထိုးစေခြင်း၊ လူမှုရေးလုပ်ငန်းများ လုပ်ဆောင်စေခြင်း၊ ပြစ်မှုမှတ်တမ်းတင်ခြင်း သို့မဟုတ် ဖော်ပြပါ ပြစ်ဒဏ်များအား ပေါင်းစပ်ကျခံစေခြင်းသဖြင့် ခြွင်းချက်ထားရှိပြီး ပြစ်ဒဏ်ချမှတ်နိုင်ပါသည်။ ထို့အပြင် တရားရုံးအနေဖြင့် အထက်ဖော်ပြပါပြစ်ဒဏ်များ၌ ပစ္စည်းဥစ္စာပျက်ဆီးဆုံးရှုံးမှု၊ ထိခိုက်ဒဏ်ရာရမှုနှင့် ထိခိုက်ဒဏ်ရာရခြင်းကြောင့် အသက်မွေးဝမ်းကျောင်း ထိခိုက်စေမှုတို့အတွက် လျော်ကြေးငွေပေးဆောင်ရန် အမိန့်ချမှတ်နိုင်ပါသည်။ ပထမဦးဆုံးအကြိမ် ပြစ်မှုကျူးလွန်သူ သို့မဟုတ် ပြစ်မှုကျူး

51. 10 Ways to Reduce Prison Overcrowding and Save Taxpayers Millions, Huffington Post, 2013

လွှန်ခြင်း အကြိမ်ရေနည်းပါးသူများကို ချုပ်နှောင်ထိန်းသိမ်းခြင်း မဟုတ်သော ပြစ်ဒဏ်များချမှတ်ပေးခြင်းသည် ထောင်သွင်းအကျဉ်းချထားရန် မလိုအပ်ပဲ ပြန်လည်ထူထောင်ရေး အလားအလာများအား ပိုမိုအားကောင်းစေပါသည်။

ဤသို့လုပ်ဆောင်ခြင်းဖြင့် ပြစ်မှုကျူးလွန်သူများသည် ၎င်းတို့၏ မှားယွင်းသော အပြုအမူ၊ အကျင့်စရိုက်အား အကျဉ်းထောင်ပြင်ပ၌ ပြင်ဆင်နိုင်ရန် ကနဦးအခွင့်အရေး မရရှိသည့်အတွက် ဖြစ်ပေါ်လာနိုင်သော ရာဇဝတ်မှုသံသရာလည်ခြင်းအား လျှော့ချနိုင်မည်ဖြစ်ပြီး၊ တိုက်ကျိုးစည်းမျဉ်းများနှင့်လည်း ကိုက်ညီမှုရှိစေပါမည်။[၅၂]

## အမှုရင်ဆိုင်နေစဉ် အချုပ်ချထားခြင်းအား လျှော့ချခြင်း – (အိန္ဒိယ)

အိန္ဒိယနိုင်ငံသည် (Camp Courts)ယာယီတရားရုံးများဟု[၅၃] သတ်မှတ်ခေါ်ဆိုသည့် အသေးစားပြစ်မှုများအား ဆုံးဖြတ်ချက်ပေးရန် အကျဉ်းထောင်များသို့ တရားသူကြီးများအား သွားရောက်စစ်ဆေးခြင်းအားခွင့်ပြုပေးခြင်းဖြင့်အမှုရင်ဆိုင်နေသည့်အချုပ်အကျဉ်းသားများအားသိသာထင်ရှားအောင်မြင်စွာ လျှော့ချနိုင်ခဲ့ပါသည်။ အကျဉ်းထောင်တာဝန်ရှိသူများမှနေ၍ လာရောစစ်ဆေးမည့် ရာဇဝတ်တရားသူကြီးများ ၎င်းတို့၏လုပ်ငန်းစဉ်များကို ပိုမိုထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်စိစစ်ရွေးချယ်ထားသည့် အမှုများနှင့် အကျဉ်းသားစာရင်းအား တင်ပြစေပါသည်။ ယာယီတရားရုံးများသည် အမှုပြီးဆုံးချိန်၌ ကျခံရမည့်ပြစ်ဒဏ်ကာလထက် ပိုမိုကြာမြင့်စွာ အကျဉ်းထောင်အတွင်း၌ အချုပ်ကျခံပြီး တရားရင်ဆိုင်နေရသည့် ဖြစ်ရပ်များအားလျှော့ကျစေခြင်းဖြင့်၊ ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်အား ပိုမိုထိရောက်မှုရှိလာစေပါသည်။ ဘီဟာပြည်နယ်တွင် အချုပ်အကျဉ်းသားပေါင်း (၁၂,၀၀၀) ကျော်သည် ပြစ်မှုသေးများဖြင့် တရားရင်ဆိုင်နေရစဉ်တွင် ယာယီတရားရုံးများမှနေ၍ပြည်နယ်တစ်ခုလုံးတွင် (၄၂)ရာခိုင်နှုန်းဖြစ်သော အမှုပေါင်း (၅၃၈၃)မှုအား တစ်နေ့အတွင်း ဖြေရှင်းပေးနိုင်ခဲ့ပါသည်။[၅၄]

မြန်မာနိုင်ငံတွင် ဤနည်းလမ်းအား အသုံးပြု၍ ဖော်ပြပါ အမှုအရေအတွက်အတိုင်း ဖြေရှင်းနိုင်ပါက အစိုးရအနေဖြင့် မြန်မာနိုင်ငံရှိ အချုပ်အကျဉ်းသားအရေအတွက်အား လျင်လျင်မြန်မြန်လျှော့ချနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အကျဉ်းထောင်လူဦးရေတွင် အချုပ်အကျဉ်းသားအရေအတွက်မှာ မြောက်မြားစွာ ပါဝင်နေသည့်အတွက် ယခုဖော်ပြပါနည်းလမ်းအား ကျင့်သုံးပါရန် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းမှ အလေးအနက်ထား တိုက်တွန်းပါသည်။ ဤနည်းလမ်းများသည်

52. Non-Custodial Sentencing Options in Malaysia, 2005
53. Penal Reform International, 2003
54. Ibid. (45)

အကျဉ်းထောင်လူဦးရေ လျှော့ချခြင်းအတွက်သာမက လွတ်လပ်ခွင့်နှင့် ပြစ်မှုထင်ရှားစီရင်ခြင်းမခံရမီ အထိအပြစ်မဲ့သည်ဟုယူဆရမည်ဟူသောလူ့အခွင့်အရေးပါအချက်များအားထိန်းသိမ်းပေးခြင်းအတွက် သေချာစေသဖြင့် အခြေခံကျပြီး အရေးကြီးသော လုပ်ငန်းစဉ်များဖြစ်ပါသည်။ ယာယီတရားရုံး (camp court)များအား အသုံးပြုခြင်းဖြင့် တရားရေးလုပ်ငန်းစဉ်များအား ပိုမိုမြန်ဆန်လာစေသကဲ့သို့ တရားရေးစနစ်၏ အားနည်းနေသော သွင်ပြင်လက္ခဏာများအား ကိုင်တွယ်ဖြေရှင်းရာတွင်လည်း အသုံးဝင်ပါသည်။ ထို့ကြောင့် တရားရေးစနစ် ပြုပြင်ပြောင်းလဲရေးအား ဖော်ဆောင်ရာတွင် ဥပဒေရေးရာကိစ္စရပ်များ ပိုမိုမြန်ဆန်လာစေရန်အတွက် ယာယီတရားရုံး (camp court)များသည် အသုံးဝင်သောနည်းလမ်း တစ်ခု ဖြစ်ပါသည်။

## ခွင့်ပြုမိန့် – (မြောက်အမေရိက)

ခွင့်ပြုမိန့် (Parole) ဆိုသည်မှာ သတ်မှတ်ထားသော အခြေအနေအရပ်ရပ်နှင့် မြို့ရွာအတွင်း စောင့်ကြပ်ထိန်းသိမ်းမှု စနစ်အပေါ် မူတည်၍ အကျဉ်းသားများအား ၎င်းတို့ကျခံရမည့် ပြစ်ဒဏ်ကာလ မပြီးဆုံးမီ အချိန်စော၍လွှတ်ပေးသော စနစ်ဖြစ်ပါသည်။ သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသော (ဥပမာအားဖြင့် ပြစ်ဒဏ်၏ သုံးပုံနှစ်ပုံကျခံပြီး ဖြစ်ရမည်၊ သို့မဟုတ် အကျဉ်းကျခံနေစဉ် အတွင်း စည်းကမ်းလိုက်နာမှုကောင်းမွန်ရမည်။) အကျဉ်းသားများသည် ခွင့်ပြုမိန့်လျှောက်ထားခွင့်ရှိသူ များအဖြစ်အရွေးချယ်ခံခွင့်ရှိပါသည်။[၅၅] အကျဉ်းသားအားအစောင့်အရှောက်ဖြင့်ထောင်ပြင်သို့လည်ပတ် ခွင့်ပြုခြင်း၊ ပိုမိုကြာမြင့်စွာနှင့် အစောင့်အကြပ် တင်းကြပ်မှုမရှိပဲ နေ့ပိုင်းလွတ်လပ်ခွင့်ပေးခြင်း၊ နောက်ဆုံး၌ သတ်မှတ်ချက်များဖြင့် ပြစ်ဒဏ်မစေ့မီ လွှတ်ပေးခြင်း စသည်ဖြင့် ခွင့်ပြုမိန့်အား အဆင့်ဆင့်ကျင့်သုံး နိုင်ပါသည်။[၅၆] ဤသို့ စောင့်ကြပ်ထိန်းသိမ်းမှုဖြင့် အဆင့်ဆင့်လွတ်မြောက်ခွင့်ပေးသော၊ သတ်မှတ်ချက် ဖြင့် ခွင့်ပြုမိန့်ခွင့်ပြုပေးခြင်းသည် စည်းကမ်းလိုက်နာပြီး၊ အကျင့်စာရိတ္တကောင်းမွန်ရန်နှင့် ပြစ်မှုပြန်လည် ကျူးလွန်နိုင်ခြေအား လျော့ကျစေရေးအတွက် ထိရောက်မှုအရှိဆုံး မက်လုံးများဖြစ်ပြီး၊ ပြည်သူများ၏ လုံခြုံရေးအတွက် လိုအပ်ချက်အားလည်း ထိန်းညှိပေးပါသည်။[၅၇] အမေရိကန်နိုင်ငံတွင် ခွင့်ပြုမိန့်ဖြင့် လွတ်မြောက်သွားသော အကျဉ်းသားများသည် ၎င်းတို့၏ ခွင့်ပြုမိန့်ပါ သတ်မှတ်ချက်များအား ချိုးဖောက် ပြီး၊ ပြစ်ဒဏ်အသစ်များဖြင့် အကျဉ်းထောင်သို့ ပြန်လည်ရောက်ရှိလာသော အကျဉ်းသားများမှာ (၅)ရာ ခိုင်နှုန်းအောက်တွင်သာ ရှိကြောင်းတွေ့ရှိရပါသည်။[၅၈] ထို့အပြင် ခွင့်ပြုမိန့်လုပ်ငန်းစဉ်များအတွက် ကုန်ကျ

55. Conditional Release and Human Rights in Canada: A Commentary, Canadian Journal of Criminology and Criminal Justice, 2012
56. Ibid. (47)
57. Ibid. (47)
58. Probation and Parole in the United States, Bureau of Justice Statistics Bulletin, 2009

စရိတ်သည် ထောင်သွင်းအကျဉ်းချရခြင်းအတွက် ကုန်ကျစရိတ်ထက် သိသာစွာနည်းပါးပါသည်။ အမေရိကန်နိုင်ငံတွင် ထောင်သွင်းအကျဉ်းချထားရသည့် ကုန်ကျစရိတ်သည် မြို့ရွာအတွင်း စောင့်ကြပ်ထိန်းသိမ်းရသည့် ခွင့်ပြုမိန့် အရာရှိအတွက် ကုန်ကျစရိတ်ထက် (၈)ဆခန့် ပိုမိုကုန်ကျ လျှက်ရှိပါသည်။[၅၉]

အကျင့်ပျက်ခြစားမှုကင်းရှင်းပြီး၊ အစိုးရဌာနဆိုင်ရာ အသီးသီး၏ လွှမ်းမိုးမှုမှကင်းလွတ်သည့် ခွင့်ပြုမိန့်ဆုံးဖြတ်ချက်များသည် လွတ်လပ်ခွင့်၊ လူ့အခွင့်အရေးနှင့် ပြည်သူများ၏ လုံခြုံရေးအတွက် အကျိုးသက်ရောက်မှု ရှိစေပါသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ၏ ပုဒ်မ(၄၀၁)ပါ ပြဌာန်းချက်အရ သမ္မတမှသာလျှင် အကျဉ်းသားတစ်ဦး၏ ပြစ်ဒဏ်အား ဆိုင်းငံ့ပေးခွင့်ရှိသည့်အတွက်၊ လူပုဂ္ဂိုလ်တစ်ဦးအား ဘက်လိုက်မှုရှိသော တစ်ဖက်သတ် ကိုယ်ပိုင်ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် လမ်းဖွင့်ပေးထားသကဲ့သို့ ဖြစ်နေပါသည်။ ယင်းဖြစ်စဉ်များအား တုံ့ပြန်ဖြေရှင်းနိုင်ရန် တရားရေးဝန်ကြီးဌာနမှ ကြီးကြပ်ကွပ်ကဲပြီး၊ ရဲတပ်ဖွဲ့၊ တရားသူကြီးများနှင့် အရပ်ဖက်အဖွဲ့အစည်းများပါဝင်သော လွတ်လပ်သည့်ခွင့်ပြုမိန့်ဘုတ်အဖွဲ့အား ဖွဲ့စည်းထူထောင်ပါရန် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းမှ အကြံပြုတိုက်တွန်းပါသည်။ ဤနည်းလမ်းအတိုင်း အကောင်အထည် ဖော်ဆောင်ရွက်ခဲ့သော နိုင်ငံများစွာရှိပြီး၊ ကနေဒါနိုင်ငံသည် (၁၉၅၉)ခုနှစ်တွင် အကျဉ်းဦးစီးဌာန၏ထိန်းသိမ်းမှုအောက်မှ ပြစ်ဒဏ်မစေ့မီ လွတ်မြောက်ခွင့်ပေးနိုင်သော ဆုံးဖြတ်ခွင့်ဖြစ်သည့် ရှေ့နေချုပ်အာဏာအား လွတ်လပ်သည့် ဘုတ်အဖွဲ့သို့ ပေးအပ်ခဲ့ပြီး၊ ဘုတ်အဖွဲ့ဝင်များအား ပြည်နယ်အုပ်ချုပ်ရေးမှူးမှ ရွေးချယ်ခန့်အပ်ခဲ့သည်။[၆၀] ဤသို့အားဖြင့် ပြစ်ဒဏ်များအား ဆိုင်းငံ့ ခြင်း၊ အခြားပြစ်ဒဏ်တစ်ခုခုသို့ ပြောင်းလဲကျခံစေခြင်းတို့နှင့် ဆက်နွယ်နေသော ပုဒ်မ(၄၀၁)ပါ ပြဌာန်းချက်များအား အသုံးပြုခြင်းကို ပိုမိုအားကောင်းလာစေပြီး၊ အကျင့်ပျက်ခြစားမှုမဖြစ်စေရန် ကာကွယ်ပေးသည့်အပြင် ပြစ်ဒဏ်မစေ့မီ သတ်မှတ်ချက်များဖြင့် လွှတ်ပေးခြင်းအား ကျင့်သုံးနိုင်စေရန် တွန်းအား ဖြစ်စေပါသည်။

## သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးအခြေအနေနှင့်ထောက်ထားစာနာမှုတို့အပေါ် အခြေခံ၍ထောင်မှလွှတ်ပေးခြင်း - (အမေရိကန်နိုင်ငံ)

အမေရိကန်နိုင်ငံတွင် သက်ကြီးရွယ်အို၊ ကျန်းမာရေးနှင့် စာနာထောက်ထားမှုများ စသည်တို့အပေါ် အခြေခံ၍ ပြစ်ဒဏ်မစေ့မီ လွှတ်ပေးခြင်းဖြင့် အကျဉ်းထောင်လူဦးရေ ထူထပ်ခြင်းအားလျော့ချသည့် စနစ်ကိုကျင့်သုံးပါသည်။ အသက်(၅၀)ဝန်းကျင်နှင့်အထက် ပုဂ္ဂိုလ်များအား ထောင်သွင်းအကျဉ်းချခြင်းသည် ၎င်းတို့ထက်ငယ်ရွယ်သူများအား ထောင်သွင်းအကျဉ်းချခြင်းနှင့် နှိုင်းယှဉ်လျှင်ကုန်ကျစရိတ်လွန်စွာပိုမို ကြီးမားပါသည်။ အမေရိကန်နိုင်ငံ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဖွဲ့အစည်း

59. Supervision Costs Significantly Less than Incarceration in Federal System, United States Courts, 2013
60. Ibid. (47)

(National Institute of Corrections)၏ (၂၀၀၄)ခုနှစ်အစီရင်ခံစာတွင် သက်ကြီးရွယ် အိုတစ်ဦးအား ထောင်သွင်းအကျဉ်းချခြင်း၏ တစ်နှစ်စာ ပျမ်းမျှကုန်ကျစရိတ်သည် ဒေါ်လာ (၇၀,၀၀၀) (မြန်မာကျပ်ငွေဖြင့် ၉၇,၀၀၀,၀၀၀)ရှိမည်ဟု တွက်ဆထားပြီး၊ ပိုမိုကျယ်ပြန့်သည့် ဆေးကုသစရိတ်များကြောင့် နိုင်ငံ၏ခန့်မှန်းစရိတ်ထက်နှစ်ဆကျော်ပိုနေပါသည်။[၆၁]အဆိုပါပုဂ္ဂိုလ်များအားထောင်သွင်းအကျဉ်းချခြင်းသည် မြင့်မားသော ကုန်ကျစရိတ်နှင့် ဆက်စပ်နေသည့်အပြင်၊ အသက်(၅၀)ကျော် ပုဂ္ဂိုလ်များသည် ပြစ်မှုပြန်လည်ကျူးလွန်နိုင်ခြေအနည်းဆုံးအုပ်စုတွင် ပါဝင်ကြောင်း (Vera Institute of Justice)၏ သုတေသနမှ ရှာဖွေတွေ့ရှိခဲ့ပါသည်။[၆၂]

ရောဂါကျွမ်းနေသော ဆေးစစ်ချက်နှင့် ပြင်းထန်သော ရောဂါဝေဒနာခံစားနေရခြင်းတို့အပေါ် အခြေခံ၍ ထောက်ထားစာနာမှုနှင့် ကျန်းမာရေးအရ ပြစ်ဒဏ်မစေ့မီ ထောင်မှလွှတ်ပေးခြင်းအားခွင့်ပြုနိုင်ပါသည်။ အဆိုပါ ကိစ္စရပ်များ၌ အကျဉ်းသားများသည် ယေဘုယျအားဖြင့် ကိုယ်ရော၊ စိတ်ပါ မစွမ်းဆောင်နိုင်တော့သည်ဖြစ်၍ လူ့အဖွဲ့အစည်းအား ခြိမ်းခြောက်အန္တရာယ်ပြုနိုင်သော အခြေအနေမရှိတော့ပေ။[၆၃] ထောင်သွင်းအကျဉ်းချခြင်းသည် ပြစ်ဒဏ်ပေးရေး၊ ပြန်လည်ပြုစုပျိုးထောင်ရေးနှင့် လူ့အဖွဲ့အစည်းအားကာကွယ်ရေး စသည့်မူဝါဒများအပေါ်တွင် အခြေခံသင့်ပါသည်။ ထို့ကြောင့် ကျန်းမာရေးအခြေအနေပြောင်းလဲသွားခြင်းသည် ထောင်သွင်းအကျဉ်းချထားခြင်းအတွက် လိုအပ်ချက်ကိုပြောင်းလဲစေပါသည်။[၆၄] ထောက်ထားစာနာမှုနှင့်ကျန်းမာရေး အခြေအနေအရ လွှတ်ပေးခြင်းကို ခံစားခွင့်ရှိသည့် နာမကျန်းဖြစ်မှုအား ခံစားနေရသောအကျဉ်းသားသည် များသောအားဖြင့် ၎င်း၏ပြစ်ဒဏ်အား နားလည်လက်ခံနိုင်စွမ်း၊ ပြန်လည်ပြုစုပျိုးထောင်ရေးတွင် ပါဝင်နိုင်စွမ်းနှင့် လူ့အဖွဲ့အစည်းအားအန္တရာယ်ဖြစ်စေနိုင်စွမ်းတို့ လျော့နည်း၊ ကျဆင်းနေပြီဖြစ်ပါသည်။ ထို့ကြောင့် ကျန်းမာရေးအခြေအနေ ဆိုးရွားနေသူများအား ဆက်လက်ထောင်သွင်း အကျဉ်းချထားခြင်းသည် ငွေကြေးဆိုင်ရာသာမက လူ့ကျင့်ဝတ်အား ထိပါးနေစေသော မတရားမှု၊ မမျှတမှုပင်ဖြစ်ပါသည်။



သရက်အကျဉ်းထောင်

61. It's About Time: Aging Prisoners, Increasing Costs and Geriatric Release, Vera Institute of Justice, 2010
62. Aging Inmates: A Prison Crisis, Law Street Media, 2015
63. Balancing Punishment and Compassion for Seriously Ill Prisoners, Annals of Internal Medicine, 2011
64. Ibid. (59)

# အကြံပြုတိုက်တွန်းချက်များ

နိုင်ငံတော်အစိုးရအနေဖြင့် အကျဉ်းထောင်လူဦးရေထူထပ်နေခြင်းအားလျော့ချရန်နှင့်တည်ဆဲ ဥပဒေများနှင့် တရားရေးစနစ်အား နိုင်ငံတကာဥပဒေများ၊ လူ့အခွင့်အရေးစံချိန်၊ စံနှုန်းများနှင့်အညီ ပြုပြင်ပြောင်းလဲခြင်းအား စတင်နိုင်ရန်အတွက် ဤအစီရင်ခံစာပါနည်းလမ်းများနှင့် အကြံပြုချက်များအား လက်ခံအကောင်အထည်ဖော်ပေးပါရန် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းမှ အလေးအနက် တိုက်တွန်းပါသည်။

- လွတ်လပ်၍အမှီအခိုကင်းသောတရားရေးမဏ္ဍိုင်တစ်ရပ်ပေါ်ထွန်းလာ၍တရားစီရင်ရေးစနစ်အား လွတ်လပ်စွာ စီမံခန့်ခွဲနိုင်ရန်နှင့်၊ တရားသူကြီးများအား လွတ်လပ်စွာ ခန့်အပ်နိုင်ရန် ။

- နိုင်ငံတကာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (ICCPR)၊ ညှဉ်းပန်း နှိပ်စက်မှုနှင့် အခြားရက်စက်၍ လူမဆန်သော သို့မဟုတ် လူ့ဂုဏ်သိက္ခာကျဆင်းစေသော ဆက်ဆံမှု သို့မဟုတ် ပြစ်ဒဏ်ပေးမှု ဆန့်ကျင်ရေး နိုင်ငံတကာ သဘောတူစာချုပ် (UNCAT) နှင့် ၎င်းတို့၏ နောက်ဆက်တွဲစာချုပ်များအား ချွင်းချက်မရှိ ချက်ချင်းအတည်ပြု လက်မှတ်ရေးထိုးပြီး၊ ၎င်းစာချုပ်ပါ အခွင့်အရေးတို့အား ပြည်တွင်းဥပဒေများအတွင်း ဖြည့်စွက်ထည့်သွင်းရေးနှင့် အရေးကြီးသည့် တာဝန်ခံမှုရှိသော လုပ်ထုံးလုပ်နည်း ယန္တရားများ တည်ဆောက်ရန်။

- အကျဉ်းထောင်စနစ်ပြုပြင်ပြောင်းလဲရေးအား အကျဉ်းသားများအပေါ် ဆက်ဆံရေးဆိုင်ရာ အနိမ့်ဆုံးစံချိန်၊ စံနှုန်းများ (SMRs) နှင့်အညီ လုပ်ဆောင်ရန်။

- UNDOC ၏ အကျဉ်းသားအချက်အလက်များ စီမံခန့်ခွဲခြင်း လက်စွဲစာအုပ်အား လမ်းညွှန်အဖြစ် အသုံးပြုပြီး၊ စေ့စပ်သေချာသော၊ တစ်သမတ်တည်းဖြစ်ပြီး ပွင့်လင်းမြင်သာမှုရှိသော အကျဉ်းထောင်တွင်း စောင့်ကြည့်ရေးနှင့် မှတ်တမ်းထိန်းသိမ်းရေး စနစ်အား တည်ဆောက်ရန်။

- ခံဝန်ချုပ်ဖြင့် လွှတ်ပေးခြင်းနှင့် ထိန်းသိမ်းချုပ်နှောင်ထားခြင်း မဟုတ်သည့် အခြားသော ပြစ်ဒဏ်ပေးမှုပုံစံများအား ဖော်ဆောင်၍ ပထမအကြိမ် ပြစ်မှုကျူးလွန်သူများနှင့် အသေးစားပြစ်မှု အားကျူးလွန်သူများ (အထူးသဖြင့် မူးယစ်ဆေးဝါးမှု ကျူးလွန်သူများ) အကျဉ်းထောင်တွင်း ရောက်ရှိစေခြင်းမှ ရှောင်လွှဲနိုင်ရန် တိုကျိုစည်းမျဉ်းများနှင့်အညီ ထောင်သွင်းအကျဉ်းချခြင်းအစား အခြားသော အစားထိုးပြစ်ဒဏ်ပေးသည့် စနစ်အား အကောင်အထည်ဖော် ဆောင်ရွက်ရန်။

- တည်ဆဲဥပဒေများနှင့် အနာဂတ်တွင်ပြဋ္ဌာန်းမည့် ဥပဒေများတွင် ဥပဒေအား တစ်ဖက်သတ်လိုရာဆွဲ အဓိပ္ပါယ်ကောက်ယူနိုင်သည့် အလားအလာအား လျော့ချနိုင်ရန်၊ အထူးသဖြင့် အာမခံလျှောက်ထားမှုနှင့် ပတ်သက်ပြီး၊ တိကျသေချာသော ပြဋ္ဌာန်းချက်များ ထည့်သွင်းပေးရန်။

- ပြစ်မှုကြီးများအတွက်မှအပ အမှုရင်ဆိုင်နေစဉ်အချုပ်ချထားနိုင်သော အများဆုံးအချိန်ကာလအား သတ်မှတ်ပြဋ္ဌာန်းပေးရန်နှင့် တရားခံ ထွက်ပြေးတိမ်းရှောင်ခြင်း၊ အခြားပြစ်မှု တစ်စုံတစ်ရာအား ကျူးလွန်ခြင်းနှင့် တရားစီရင်ရေးအား နှောင့်ယှက်နိုင်ခြင်းတို့အား ကာကွယ်ရန်အတွက် ချုပ်နှောင်ထိန်းသိမ်းထားရန် အမှန်တကယ်လိုအပ်သော ကိစ္စများမှတပါး တရားရင်ဆိုင်နေရသူအားလုံး အာမခံရယူခွင့်ရှိစေရန်။

- အကျဉ်းဦးစီးဌာန၏ ရည်ရွယ်ချက်ဖြစ်သော စာရိတ္တပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ အောင်မြင်စေရန်နှင့် ပြစ်မှုပြန်လည်ကျူးလွန်နိုင်ခြေအား လျော့ချနိုင်ရန်အတွက် အကျဉ်းထောင်တွင်း ပညာရေးနှင့် ပြန်လည်ပြုစုပျိုးထောင်ရေး အခွင့်အလမ်းများ ဖန်တီး၊ လုပ်ဆောင်ပေးရန်။

- မလိုအပ်သော အမှုရင်ဆိုင်နေစဉ် အချုပ်ချထားခြင်းနှင့် အကျဉ်းထောင်လူဦးရေတို့အားချက်ခြင်းလျှော့ချနိုင်ရန်အတွက် အာမခံပေးခွင့်နှင့်အသေးစားအမှုများအား ဆုံးဖြတ်ပေးနိုင်ရန် ယာယီတရားရုံးများ သို့မဟုတ် အလားတူစနစ်များအား ထူထောင်ပေးရန်။

- အကျဉ်းထောင်တွင်း စည်းကမ်းလိုက်နာမှုကောင်းပြီး၊ ပြစ်ဒဏ်မစေ့မီ လွှတ်ပေးခြင်းဆိုင်ရာသတ်မှတ်ချက်များအတွက် စေ့ဆော်ချက်များရှိစေရန် လွတ်လပ်သော ခွင့်ပြုမိန့်ဘုတ်အဖွဲ့မှ စီမံခန့်ခွဲသည့် ခွင့်ပြုမိန့်စနစ်တစ်ခု ဖော်ဆောင်ရန်။

- ထောင်သွင်းအကျဉ်းချထားခြင်းသည် အကျိုးသက်ရောက်မှုမရှိပဲ မလိုလားအပ်သော ပြစ်ဒဏ်ပေးမှုပုံစံဖြစ်လာနိုင်သည့် အကြောင်းခြင်းရာအားသတိပြုပြီး သက်ကြီးရွယ်အို၊ ကျန်းမာရေးနှင့် စာနာထောက်ထားမှုများ စသည်တို့အပေါ်အခြေခံ၍ ပြစ်ဒဏ်မစေ့မီ လွှတ်ပေးခြင်းလုပ်ငန်းစဉ်အား ဖော်ဆောင်ရန်။



လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာသော သက်ကြီးအကျဉ်းသားတစ်ဦး

# နိဂုံး

ဖွံ့ဖြိုးဆဲနိုင်ငံများသည် ရာဇဝတ်မှုဖြစ်ပွားမှုနှုန်းအား မြင့်တက်စေသည့် အခြေအနေများနှင့် ရင် ဆိုင်ကြုံတွေ့နိုင်သည့် အလားအလာပိုများပါသည်။[၆၅] လူ့အခွင့်အရေးနှင့် တည်ဆဲဥပဒေဆိုင်ရာ ဗဟုသုတ များအား အားကောင်းစေသည့် ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ နိမ့်ကျ၊ ရှားပါးခြင်း၊ လူမှုရေးနှင့် နိုင်ငံရေး ပုံသဏ္ဍာန်များအပေါ် မကျေနပ်ချက်၊ ရေရှည်နေသည့် နိုင်ငံရေးမတည်ငြိမ်မှုစသည် တို့သည် ရာဇဝတ်မှု တိုးပွားစေသည့် အချက်များဖြစ်ပါသည်။[၆၆] ဤအကြောင်း အချက်များအား ကိုင်တွယ် ဖြေရှင်းရန်နှင့် အကျဉ်းထောင်လူဦးရေထူထပ်ခြင်းနှင့်အတူ ၎င်းနှင့်ဆက်စပ်နေသောအကျဉ်းထောင် တွင်း လူ့အခွင့်အရေးချိုးဖောက်မှုများအား လျှော့ချရန်အတွက် ယခုချက်ခြင်းလုပ်ဆောင်ရန်လိုအပ် သကဲ့သို့ နောင်အနာဂတ်တွင် အလားတူဖြစ်ရပ်များ မဖြစ်စေရေးအတွက် ထည့်သွင်းလုပ်ဆောင်ရန်လို အပ်ပါသည်။ နိုင်ငံတကာအသိုင်းအဝန်းမှ လက်ခံ၊ ကျင့်သုံးနေသည့် စံချိန်စံနှုန်းများနှင့် ကိုက်ညီသည့် အကျဉ်းထောင် အခြေအနေများ ဖြစ်ပေါ်လာစေရန်နှင့် မြန်မာနိုင်ငံ လူ့အဖွဲ့အစည်းတစ်ခုလုံးအား သက် ရောက်မှုရှိသည့် ထောင်သွင်းအကျဉ်းချထားခြင်းကြောင့် ကုန်ကျသောများပြားလှသည့် လူမှုရေးနှင့် ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုးအား လျှော့ချနိုင်ရန်အတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အပြင်းအထန် လိုအပ်နေပါသည်။ ပုံမှန်စောင့်ကြည့်လေ့လာခြင်း၊ အချက်အလက်များ ထိန်းသိမ်းခြင်းနှင့် ပြန်လည်သုံး သပ်ခြင်းတို့အား အာရုံစိုက်လုပ်ဆောင်ခြင်း၊ ဤအစီရင်ခံစာတွင်ဖော်ပြထားသော ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအား အလေးထားအကောင်အထည်ဖော်ခြင်းတို့ဖြင့် မြန်မာနိုင်ငံအတွက်တည်ငြိမ်သော စီးပွားရေးနှင့် လူမှုရေးတိုးတက်မှုအတွက် ကြီးမားသည့် အလားအလာကောင်းများ ရရှိစေမည်ဖြစ်ပါ သည်။ ထို့အပြင် တရားစီရင်ရေးအား လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး၊ မေတ္တာ၊ ကရုဏာဖြင့်စီမံခန့် ခွဲခြင်းသည် တိုင်းပြည်အတွင်း တိုးတက်မှုနှင့် သဟဇာတရှိမှုတို့အတွက် အလားအလာကောင်းများ မြင့်မားစေရန်နှင့် ပိုမိုကောင်းမွန်သည့်မြန်မာလူ့ အဖွဲ့အစည်းအဖြစ် တည်ဆောက်နိုင်ရန်တို့အတွက် အရေးကြီးသော မော်ဒယ်လ်တစ်ခုဖြစ်ပါသည်။ ထောင်သွင်းအကျဉ်းချခြင်းအပြင် အခြားသောနည်းလမ်း များအား ထည့်သွင်းစဉ်းစားခြင်းသည် ပြစ်ဒဏ်ပေးခြင်း သို့မဟုတ် ရာဇဝတ်မှု ကျူးလွန်ခြင်းအတွက်နောင် တတရားရရှိရန် လိုအပ်မှုတို့အပေါ် လျစ်လျူရှုရန်မရည်ရွယ်ပါ။ သို့ရာတွင် နိုင်ငံတကာဥပဒေများအား ဆန့်ကျင်ဖောက်ဖျက်နေပြီး၊ လူမဆန်ဘဲ လူ့ဂုဏ်သိက္ခာကျဆင်းစေသော လက်ရှိမြန်မာနိုင်ငံ၏အကျဉ်း ထောင်အခြေအနေများနှင့် ပျံ့နှံ့ပြီးသံသရာလည်နေသော ရာဇဝတ်မှုများအား လျှော့ချနိုင်သည့် အခွင့် အလမ်းများဖန်တီးပေးပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရအနေဖြင့် ဤအစီရင်ခံစာပါ အကြံပြု တိုက်တွန်းချက်များအား အကောင်အထည်ဖော်ရန်အတွက် နိုင်ငံတကာထောက်ခံမှုနှင့်လက်ရှိ နိုင်ငံရေး

65. Use of Informal Justice Mechanisms, 2016
66. Crime and Development in Africa, United Nations Office on Drugs and Crime, 2005

အရှိန်အဟုန်အား လက်မလွှတ်တမ်းအသုံးချပါရန်နှင့် လူ့အခွင့်အရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလားအလာကောင်းများတိုးမြင့်စေရေး မိမိတို့၏သံဓိဋ္ဌာန်အား အကျဉ်းထောင်စနစ်ပြုပြင်ပြောင်းလဲရေးမှအစပြုပြီးဖေါ်ဆောင်ပေးပါရန်နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းမှအလေးအနက်ထား တိုက်တွန်းပါသည်။ ထောင်သွင်းအကျဉ်းချထားခြင်းအား ကျူးလွန်သည့်ရာဇဝတ်မှုနှင့် လျော်ကန်သည့် ပြစ်ဒဏ်ဖြစ်ခြင်းနှင့် အခြားသောရွေးချယ်နိုင်သည့် အပြစ်ပေးခြင်းမျိုးမရှိသည့် အချိန်တွင်မှသာ ကျင့်သုံး သင့်ပါသည်။

# BIBLIOGRAPHY

Aguirre, Daniel and Sathisan, Vani. Rule of Law depends on Reform of Union Attorney General's Office. Myanmar Times, 2016, http://www.mmtimes.com/index.php/opinion/18676-rule-of-law-depends-on-reform-of-union-attorney-general-s-office.html

Bick, Joseph. Infection Control in Jails and Prisons. Clinical Infectious Diseases, 45:8, 1047-1055, 2007, http://cid.oxfordjournals.org/content/45/8/1047.full#sec-14

Crime and Development in Africa. United Nations Office on Drugs and Crime, 2005,https://www.unodc.org/pdf/African_report.pdf

Community service and probation for women A study in Kenya, Penal Reform International, Kenya Probation and Aftercare Service, 2016https://www.penalreform.org/wp-content/uploads/2016/09/PRI-Kenya-women-prisoners-report-WEB.pdf

Dandurand, Yvon. A Second Chance - Alternatives to Imprisonment and the Social Reintegration of Offenders In Kenya. (2012)

https://www.researchgate.net/publication/235439041_A_Second_Chance_-_Alternatives_to_Imprisonment_and_the_Social_Reintegration_of_Offenders_In_Kenya

Daoust, C. The Paradox in Incarceration and Crime. Justice Action. University of Ottawa Faculty of Law, 2008, http://www.justiceaction.org.au/index.php?option=com_content&view=article&id=442:prisons-cause-crime3&catid=202&Itemid=1022

Earning Early Release: Punishment for the Past, Training for the Future. Justice Action, 2012, http://www.justiceaction.org.au/images/JusticeReformPapers/remissions.pdf

'Found in the Dark' The Impact of Drug Law Enforcement Practices in Myanmar. the Transnational Institute. Drug Policy Briefing 47, 2016, https://www.tni.org/files/publication-downloads/drug_policy_briefing_47_found_in_the_dark.

pdf

Ghai, Yash. 'The 2008 Constitution: Analysis and Assessment', Burma Library, 2008, http://www.burmalibrary.org/docs6/2008_Myanmar_constitution--analysis_and_assessment-Yash_Ghai.pdf

Glaze, Lauren, Bonczar, Thomas, and Zhang, Fan. Probation and Parole in the United States. Bureau of Justice Statistics Bulletin, 2009, https://www.bjs.gov/content/pub/pdf/ppus09.pdfHandbook on

Prisoner File Management, United Nations Office on Drugs and Crime, 2008, https://www.unodc.org/documents/justice-and-prison-reform/Prison_management_handbook.pdf

Hill, Alison.Education Reduces Recidivism. Loyola University Chicago School of Law. Education Law and Policy, 2015, http://www.luc.edu/media/lucedu/law/centers/childlaw/childed/pdfs/2015studentpapers/Hill.pdf

Hussein, Basharat. The History and Development of Probation Service in Pakistan and in Khyber Pakhtunkhwa. Pakistan Journal of Criminology 5:2, 29-44, 2013

Inmates who passed matriculation exam with distinctions granted amnesty, released from jail, Coconuts Yangon, 2017 https://coconuts.co/yangon/news/inmates-passed-matriculation-exam-distinctions-granted-amnesty-released-jail/

Introductory Handbook on the Prevention of Recidivism and the Social Reintegration of Offenders. United Nations Office on Drugs and Crime. Criminal Justice Handbook Series, 2012, http://www.unodc.org/documents/justice-and-prison-reform/crimeprevention/Introductory_Handbook_on_the_Prevention_of_Recidivism_and_the_Social_Reintegration_of_Offenders.pdf

It's About Time: Aging Prisoners, Increasing Costs and Geriatric Release. Vera Institute of Justice, 2010, http://archive.vera.org/sites/default/files/resources/downloads/Its-about-time-aging-prisoners-increasing-costs-and-geriatric-release.pdf

Knafo, Saki. 10 Ways to Reduce Prison Overcrowding and Save Taxpayers Millions. Huffington Post, 2013, http://www.huffingtonpost.com/2013/11/08/prison-overcrowding_n_4235691.html

Lwinn, Wai Wai. Rangoon Parliamentary Committee to Submit Report on Judicial Reform". Irrawaddy, January 19, 2017, http://www.irrawaddy.com/news/rangoon-parliamentary-committee-submit-report-judicial-reform.html

Lwin, Minn. Interview with Min HtunSoe, Deputy Director and Spokesman of the Correctional Department.Mawkun, January 12, 2017 (Burmese Source) http://www.mawkun.com/5292

Massachusetts Considers More Paroles to Cut Beds and Reduce Recidivism. Corrections Digest. Washington, 35:9, 1-2, 2004

Mathieson, David. Transforming the Culture of Human Rights in Myanmar, Human Rights Watch, 2013, https://www.hrw.org/news/2013/12/16/transforming-culture-human-rights-myanmar

Metla, Valeriya. Aging Inmates: A Prison Crisis. Law Street Media, 2015, http://lawstreetmedia.com/issues/law-and-politics/aging-inmates-prison-crisis/

More than 100 Prisoners to Sit Matriculation Exam This Year, Irrawaddy, 2018 https://www.irrawaddy.com/news/burma/100-prisoners-sit-matriculation-exam-year.html

Myanmar (Formerly Burma). World Prison Brief, Institute for Criminal Policy Research, 2009, http://www.prisonstudies.org/country/myanmar-formerly-burma

Myanmar National Human Rights Commission Recommends Ratifying Key Human Rights Treaties, Article 19, 2013, https://www.article19.org/resources.php/resource/37119/en/myanmar:-national-human-rights-commission-recommends-ratifying-key-human-rights-treaties

Number of Prisoners and Detainees Exceeds Capacity by over 30,000 People. Mizzima News, 2016,

On Probation: models of good practice for alternatives to prison, Penal Reform International 2016 https://s16889.pcdn.co/wp-content/uploads/2016/12/Probation-model-report-final-2016.pdf

Overcrowding is a serious human rights problem in Myanmar prisons: commission, Myanmar Times. October 2017. https://www.mmtimes.com/news/overcrowding-serious-human-rights-problem-myanmar-prisons-commission.html

Penal Reform International. 2003. as cited in Pre-Trial Detention: Guidance Note 5. International Centre for Prison Studies: Kings College London, http://www.prisonstudies.org/sites/default/files/resources/downloads/gn5_8_0.pdf

Practical Measures to Alleviate the Problem of Overcrowding. United Nations Asia and Far East Institute for the Prevention of Crime and the Treatment of Offenders. Resource Material Series No. 57, 1999, http://www.unafei.or.jp/english/pdf/PDF_rms/no57/57-27.pdf

President U Win Myint amnesties inmates who passed matriculation examination, Myanmar Times, 2018 https://www.mmtimes.com/news/president-u-win-myint-amnesties-inmates-who-passed-matriculation-examination.html

Presumption of Guilt: The Overuse of Pretrial Detention. Open Society Justice Initiative, 2014,https://www.opensocietyfoundations.org/sites/default/files/presumption-guilt-09032014.pdf

Priority Communicable Diseases, World Health Organization, Health in Asia and the Pacific, Chapter 7, 177-396, 2008, http://www.wpro.who.int/health_

research/documents/dhs_hr_health_in_asia_and_the_pacific_12_chapter_7_priority_communicable_diseases.pdf

Prisoners Requiring Protection: Separation Regimes. Department of Justice. Corrections Victoria, 2016, assets.justice.vic.gov.au/corrections/resources/.../smm_pm3_separationregimes.doc

Prison Conditions in Burma and the Potential for Prison Reform. Assistance Association for Political Prisoners, 2016, http://aappb.org/2016/09/prison-conditions-in-burma-and-the-potential-for-prison-reform-report/

Prisons Department Seeks Food Budget Bump. MaungZaw, Myanmar Times, December 21, 2016, http://www.mmtimes.com/index.php/national-news/mandalay-upper-myanmar/24312-prisons-department-seeks-food-budget-bump.html

Prison Reforms and Alternatives to Imprisonment. United Nations Office on Drugs and Crime, 2014,

https://www.unodc.org/unodc/en/justice-and-prison-reform/prison-reform-and-alternatives-to-imprisonment.html

Puu, Wine.Prison Population Increase of 10,000 People in One Year. Popular News Journal (Burmese Source), 2016, http://www.popularmyanmar.com/popularnews/archives/25749

Recent Development in Probation and Non-Custodial Measures in Myanmar, ASEAN Plus Three Conference on Probation and Non-Custodial Measures, 2013, http://210.246.159.139/probation_en/efile/Myanmar.pdf

Release some inmates to ease overcrowding: rights group. Myanmar Times. February 2018. https://www.mmtimes.com/news/release-some-inmates-ease-overcrowding-rights-group.html

Revealing Burma's System of Impunity. A Briefer for the Commission of Inquiry Campaign. Burma Lawyer's Council, 2011, http://burmacampaign.org.uk/images/uploads/Revealing_Burmas_System_of_Impunity_-_BLC_Briefer.pdf

Sangroula, Yugichha&Sangroula, Yubaraj. Use of Informal Justice Mechanisms in Criminal Justice System: Critical Observation of Principles, Theories and Prospects.Kathmandu School of Law Review, Nepal. Journal of Civil and Legal Sciences, 5:193, 2016

Singh, Runjit, Sing, Jaswant. Non-Custodial Sentencing Options in Malaysia. United Nations Asia and Far East Institute, 127th International Training Course. Resource Material Series No 67, 2005, http://www.unafei.or.jp/english/pdf/RS_No67/No67_10PA_Singh.pdf

Statement regarding the visit to the prison. Myanmar National Human Rights Commission (MNHRC) police lock-up and district hospital guard ward in Hkamti Township, February 29, 2016, http://www.mnhrc.org.mm/en/statement-regarding-the-visit-to-the-prison-police-lock-up-anddistrict-

hospital-guard-ward-in-hkamti-township-sagaing-region-statement-no-22016/

Supervision Costs Significantly Less than Incarceration in Federal System. United States Courts, 2013, http://www.uscourts.gov/news/2013/07/18/supervision-costs-significantly-less-incarceration-federal-system

Ten Point Plan to Reduce Prison Overcrowding. Penal Reform International, 2012, https://www.penalreform.org/wp-content/uploads/2013/05/10-pt-plan-overcrowding.pdf

The Press Statement Regarding the Visit to Insein Central Prison by the Myanmar National Human Rights Commission. Statement 3, 2015, http://www.mnhrc.org.mm/en/unofficial-translation-the-press-statement-regarding-the-visit-to-insein-central-prison-by-the-myanmar-national-human-rights-commission-statement-no-3-2015/

They Can Arrest You at Any Time: the Criminalization of Peaceful Expression in Burma, Human Rights Watch, 2016, https://www.hrw.org/sites/default/files/report_pdf/burma0616web.pdf

Williams, Brie, Sudore, Rebecca, Greifinger , Robert & Morrison, R. Sean. Balancing Punishment and Compassion for Seriously Ill Prisoners. Annals of Internal Medicine, 155(2), 122-126, 2011 https://www.ncbi.nlm.nih.gov/pmc/articles/PMC3163454/

Zarifi, Sam. Myanmar: Newly Appointed Attorney General should Commit to Reform, Rule of Law and Human Rights. International Commission of Jurists, 2016, https://www.icj.org/myanmar-newly-appointed-attorney-general-should-commit-to-reform-rule-of-law-and-human-rights/

Zinger, Ivan. Conditional Release and Human Rights in Canada: A Commentary. Canadian Journal of Criminology and Criminal Justice, 54(1), 117-136, 2012

# APPENDIX 1 – INTERNATIONAL AND DOMESTIC LAW

## International Law:

### Universal Declaration of Human Rights (UDHR)

Article 11

1. Everyone charged with a penal offence has the right to be presumed innocent until proved guilty according to law in a public trial at which he has had all the guarantees necessary for his defence.

Article 25

1. Everyone has the right to a standard of living adequate for the health and well-being of himself and of his family, including food, clothing, housing and medical care and necessary social services, and the right to security in the event of unemployment, sickness, disability, widowhood, old age or other lack of livelihood in circumstances beyond his control.

### The International Covenant on Civil and Political Rights

Article 7

No one shall be subjected to torture or to cruel, inhuman or degrading treatment or punishment.

Article 9

1.Everyone has the right to liberty and security of person. No one shall be subjected to arbitrary arrest or detention…

3.Anyone arrested or detained on a criminal charge shall be brought promptly before a judge or other officer authorized by law to exercise judicial power and shall be entitled to trial within a reasonable time or to release. It shall not be the general rule that persons awaiting trial shall be detained in custody, but release may be subject to guarantees to appear for trial…

Article 10

1.All persons deprived of their liberty shall be treated with humanity and with respect for the inherent dignity of the human person

2.

a) Accused persons shall, save in exceptional circumstances, be segregated from convicted persons and shall be subject to separate treatment

appropriate to their status as unconvicted persons;

b) Accused juvenile persons shall be separated from adults and brought as speedily as possible for adjudication

**The International Covenant on Economic, Social and Cultural Rights**

Article 12

1. The States Parties to the present Covenant recognize the right of everyone to the enjoyment of the highest attainable standard of physical and mental health.

2. The steps to be taken by the States Parties to the present Covenant to achieve the full realization of this right shall include those necessary for:

- (a)The provision for the reduction of the stillbirth-rate and of infant mortality and for the healthy development of the child;
- (b) The improvement of all aspects of environmental and industrial hygiene;
- (c) The prevention, treatment and control of epidemic, endemic, occupational and other diseases;
- (d) The creation of conditions which would assure to all medical service and medical attention in the event of sickness.

**The United Nations Standard Minimum Rules for the Treatment of Prisoners**

Rule 7

(1)In every place where persons are imprisoned there shall be kept a bound registration book with numbered pages in which shall be entered in respect of each prisoner received:

(a) Information concerning his identity;

(b) The reasons for his commitment and the authority therefor;

(c) The day and hour of his admission and release.

Rule 8

The different categories of prisoners shall be kept in separate institutions or parts of institutions taking account of their sex, age, criminal record, the legal reason for their detention and the necessities of their treatment.

Rule 85

(1) Untried prisoners shall be kept separate from convicted prisoners.

**The United Nations Standard Minimum Rules for Non-Custodial Measures (The Tokyo Rules)**

Fundamental Aim 1.5 of the Tokyo Rules states that;

> Member States shall develop non-custodial measures within their legal systems to provide other options, thus reducing the use of imprisonment, and to rationalize criminal justice policies, taking into account the observance of human rights, the requirements of social justice and the rehabilitation needs of the offender.

# Domestic Law:

**Burma Jail Manual**

**Chapter 3,General Supervision - The Inspector-General of Prisons**

17. Whenever it appears to the Inspector-General that the number of prisoners in any prison is greater than can conveniently or safely be kept therein, and it is not convenient to transfer the excess number to - some other prison, or whenever, from the outbreak of epidemic disease within any prison, or for any other reason, it is desirable to do so, he shall make provision for the shelter and safe custody, in temporary prisons of so many of the prisoners as cannot be conveniently or safely kept in that prison.

Code of Criminal Procedure

Chapter 1 (4)

(a)bailable offence" means an offence shown as bailable in the second schedule, or which is made bailable by any other law, for the time being in force; and "non-bailable offence" means any other offence

Schedule 2 (500) - Excerpt

| Section | Offence | Whether the police may arrest without warrant or not | Whether bailable or not |
|---|---|---|---|
| 500 | Defamation | Shall not arrest without warrant | Bailable |

Constitution of the Republic of the Union of Myanmar 2008

Chapter 1, Basic Principles of the Union

11.

- (a)The three branches of sovereign power namely, legislative power, executive power and judicial power are separated, to the extent possible, and exert reciprocal control, check and balance among themselves

19. The following are prescribed as judicial principles

- (a)to administer justice independently according to law

## Union Judiciary Law

Chapter 2, Judicial Principles

3.The administration of justice shall be based upon the following principles:

- (a)to administer justice independently according to law;
- (d)to support in building of rule of law and regional peace and tranquillity by protecting and safeguarding the interests of the people;
- (e)to educate the people to understand and abide by the law and nurture the habit of abiding by